ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

## ကရင်နီပြည်

# ဂျဲန်ဒါမူဝါဒမူဘောင်

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၇) ရက် နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

ကရင်နီပြည်

# ဂျဲန်ဒါမူဝါဒ မူဘောင်

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

# မာတိကာ


အခန်း (၁) **နိဒါန်း (INTRODUCTION)** ........ ၆

**စိန်ခေါ်မှုများနှင့် လတ်တလောပြဿနာများ (CHALLENGES AND CURRENT ISSUES)** ... ၇

**တန်းတူရေးအလေးထားမှု (EMPHASIS ON EQUALITY)** ........ ၈

**ကရင်နီပြည်အတွင်းရှိ ဂျန်ဒါအာဏာအခြေအနေအား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (GENDER POWER ANALYSIS IN KARENNI)** ........ ၈

အခန်း (၂) **ဥပဒေမူဘောင် (LEGAL FRAMEWORK)** ........ ၁၀

**ဂျန်ဒါနှင့်ပတ်သက်သည့်ပကတိအနေအထား၊ အခြေအနေနှင့် စိန်ခေါ်မှုများကို ကျော်လွှားခြင်း (OVERCOMING THE REALITIES, CONDITIONS AND CHALLENGES RELATED TO GENDER)** ........ ၁၀

**အလေးထားစဉ်းစားရမည့် ဥပဒေအမျိုးအစားများ (KEY LEGAL CATEGORIES REQUIRING PRIORITY CONSIDERATION)** ........ ၁၁

အခန်း (၃) **ဂျန်ဒါမူဝါဒ မူဘောင် (Gender Policy Framework)** ........ ၁၂

အခန်း (၄) **ဂျန်ဒါဆိုင်ရာမူဘောင်၏ ရည်မှန်းချက်နှင့်အခြေခံမူ (Vision And Principles Of Gender Policy Framework)** ........ ၁၃

**မျှော်ရည်ချက်နှင့် တာဝန် (MISSION AND GOAL)** ........ ၁၃

**အခြေခံမူ (PRINCIPLES)** ........ ၁၄

အခန်း (၅) **နိုင်ငံရေးယန္တရားအဆောက်အအုံများဆိုင်ရာမူဘောင် (Institutional Framework)** ၁၆

**အဆောက်အအုံဆိုင်ရာမူဘောင်နှင့်ယန္တရားများ (INSTITUTIONAL FRAMEWORK AND MECHANISM)** ........ ၁၇

**ကရင်နီပြည်တစ်ခုလုံးဆိုင်ရာဂျန်ဒါမူဝါဒ၏ နိုင်ငံရေးအဆောက်အအုံ ယန္တရားများ ဆိုင်ရာ မူဘောင် (INSTITUTIONAL FRAMEWORK FOR KARENNI STATE GENDER POLICIES)** ........ ၁၈

**ကရင်နီပြည်တွင်း အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဥ်ကို မြှင့်တင်ခြင်း (PROMOTING WOMEN'S PEACE AND SECURITY IN KARENNI)** ........ ၂၀

အခန်း (၆) **အလွှာပေါင်းစုံမှ ခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေတွင် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် မူဘောင်နှင့် ဂျန်ဒါကို အစဥ်တစိုက်အလေးထားသည့် အလေ့အထ တည်ဆောက်ခြင်း (FRAMEWORK FOR INTERSECTIONAL COORDINATION AND GENDER MAINSTREAMING)** ........ ၂၁

အခန်း (၇) **အရင်းအမြစ်လျာထားချက်နှင့်သတ်မှတ်ချက် (RESOURCE ALLOCATIONS)** ...... ၂၂

အခန်း (၈) **စောင့်ကြည့်အကဲဖြတ်ခြင်း (MONITORING AND EVALUATION)** ........................ ၂၃
**တိုင်ကြားခြင်းနှင့်အယူခံဝင်ခြင်း ယန္တရားများ**.................................................၂၂
အခန်း (၉) **နိဂုံး (CONCLUSION)** ....................................................................................... ၂၅

## ကရင်နီပြည် ဂျန်ဒါမူဝါဒမူဘောင် နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က) ကရင်နီပြည်အတွင်းရှိ ဂျန်ဒါအာဏာအခြေအနေ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း .................................................................................................... ၂၇
နောက်ဆက်တွဲ (ခ) ကရင်နီပြည်အမျိုးသမီးနှင့်ဂျန်ဒါတန်းတူရေးဆိုင်ရာကော်မတီ (THE KARENNI STATE COMMITTEE FOR WOMEN AND GENDER EQUALITY- CWGE) ...................................................................................................... ၃၁
နောက်ဆက်တွဲ (ဂ) ဇယား၁။ ကရင်နီပြည်တစ်ခုလုံးဆိုင်ရာဂျန်ဒါမူဝါဒ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများ ဆိုင်ရာ မူဘောင် .............................................................. ၃၈
နောက်ဆက်တွဲ (ဃ) ကရင်နီပြည်နှင့် မြန်မာနိုင်ငံအတွင်း ဂျန်ဒါကြောင့်ဖြစ်သည့် အာဏာ၊ ခုခံတွန်းလှန်မှု အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဥ်ကို ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲ မှုဖြင့် မြှင့်တင်ခြင်း.................................... ၄၅
နောက်ဆက်တွဲ (င) အရင်းအမြစ်များ ........................................................................... ၅၃
နောက်ဆက်တွဲ (စ) ဂျန်ဒါဆိုင်ရာ ဝေါဟာရများ (အသုံးအနှုန်းများနှင့် အယူအဆများ ဖွင့်ဆိုချက်) ........................................................................................... ၅၄
နောက်ဆက်တွဲ (ဆ) မူဘောင်၏ အခန်း (၇) တွင်ဖော်ပြထားသော အရင်းအမြစ်လျာထားချက်နှင့် သတ်မှတ်ချက်များဆိုင်ရာ ဥပမာ ရှင်းလင်းချက်များ ......................... ၆၀

# အခန်း (၁)

# နိဒါန်း (Introduction)

၁။ ဤအပိုင်းတွင် ကရင်နီလူ့အဖွဲ့အစည်းအတွင်းမှအခြေအနေနှင့် ပကတိအနေအထားများ၊ မတူညီသောယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ကရင်နီလူ့အဖွဲ့အစည်းအတွင်းရှိ မျိုးနွယ်စုများအတွက် ရှိနေသောဂျန်ဒါဆိုင်ရာစိန်ခေါ်မှုများနှင့်အတူ ဂျန်ဒါတန်းတူရေးအတွက်မူဝါဒလိုအပ်ချက်စသည်တို့ကို ပဏာမအနေဖြင့် မိတ်ဆက်ထည့်သွင်းသွားမည်ဖြစ်သည်။ ကရင်နီလူ့အဖွဲ့အစည်းအတွင်း မတူညီသောဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများရှိနေခြင်းသည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏ ပကတိအနေအထားတစ်ခုဖြစ်သည်။ ထိုဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများသည်အရပ်၊ ဒေသအလိုက်ပြောဆိုသော ဘာသာစကားနှင့်ကိုးကွယ်ယုံကြည်မှုများအလိုက်တူညီမှုများရှိနေသကဲ့သို့ ကွဲပြားမှုများလည်းရှိသည်။ ထို့အတူ ဓလေ့ထုံးတမ်းနှင့်ယဉ်ကျေးမှုများ၏ ကွဲပြားခြားနားမှုများသည် လိင်ကွဲပြားမှုအပေါ်တွင်လည်း မတူညီသောသက်ရောက်မှုများရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ဂျန်ဒါရေးရာဟုဆိုရာတွင် ကျွန်ုပ်တို့အနေဖြင့် 'အမျိုးသမီးများကိစ္စ' ဟု အလွယ်မတွေးရန် အရေးကြီးသည်။ မည်သည့်လူ့အဖွဲ့အစည်းအတွင်းတွင်မဆို ရှိနေသောမတူညီသည့်လိင်များ၏ သဘာဝအနေအထားကို အသိအမှတ်ပြုပြီး လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းဆောင်ရွက်နိုင်မည့်ယန္တရားများ၊ မဟာဗျူဟာနှင့် နည်းလမ်းများချမှတ်နိုင်ရေးကသာ၍ အရေးကြီးသည်။

၂။ ကမ္ဘာတစ်ဝှမ်းသုတေသနတွေ့ရှိချက်များအရ အမျိုးသမီးများသည် လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲများအားလုံး၏ မောင်းနှင်အားဖြစ်သည်။ ကောင်းမွန်သောဂျန်ဒါမူဝါဒများရှိခြင်းဖြင့် ကရင်နီလူ့အဖွဲ့အစည်းအတွင်း ခွဲခြားဖိနှိပ်ဆက်ဆံခြင်းများကိုလျှော့ချနိုင်မည်သာမက လိုအပ်နေသည့်တိုးတက်ကောင်းမွန်သော အပြောင်းအလဲများအတွက်လည်းကြီးစွာသောအင်အားဖြည့်ဆည်းမှုတစ်ခုဖြစ်နိုင်သည်။ ထိရောက်ကောင်းမွန်သည့် မူဝါဒများရေးဆွဲချမှတ်နိုင်ရန်မှာ မိသားစုများ၊ လူမှုအသိုင်းအဝန်းများနှင့် ပြည်နယ်တစ်ခုလုံးအတွက်အကျိုးရလဒ်များစွာကိုဆက်တိုက်ဖန်တီးပေးနိုင်သော သက်ရောက်မှုမျိုးရှိမည့်မဟာဗျူဟာနှင့်ချဉ်းကပ်မှုနည်းလမ်းများပါဝင်သည့် မူဝါဒမူဘောင်တစ်ခုရှိရန်လိုအပ်သည်။

၃။ ထို့အပြင် သုတေသနတွေ့ရှိချက်များအရ ပဋိပက္ခများ၏သဘာဝသည် ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းစဉ်များအပေါ်တွင် သက်ရောက်မှုအမျိုးမျိုးရှိနေသည်။ ပဋိပက္ခ၏သဘောသဘာဝနှင့် ဖြစ်ပေါ်လာပုံ၊ ပဋိပက္ခအတွင်းအမျိုးသမီး၊ အမျိုးသားများ၏အခန်းကဏ္ဍ

စသည်တို့ကိုနားလည်သုံးသပ်ပြီး ပဋိပက္ခဖြေရှင်းရန် နည်းလမ်းရှာရာတွင်လည်း ၎င်းတို့၏ သက်ဆိုင်ရာအခန်းကဏ္ဍအသီးသီးအတွက် ထည့်သွင်းစဉ်းစားခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အမျိုးသမီး၊ အမျိုးသားများ၏ တန်းတူပါဝင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဂျန်ဒါတန်းတူရေးနှင့်အတူ ပဋိပက္ခဖြေရှင်းရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်ခြင်းစသည်တို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၄။ ထို့ကြောင့်တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအခြေခံသော ကရင်နီတစ်မျိုးသားလုံးအရေး၊ ကရင်နီပြည်တည်တံ့ခိုင်မြဲရေး၊ ကရင်နီလူ့အဖွဲ့အစည်း သာယာဝပြောရေးနှင့်ငြိမ်းချမ်းရေးစသည်တို့အတွက် ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ကရင်နီပြည်အတိုင်ပင်ခံကောင်စီအနေဖြင့် ကောင်းမွန်ခိုင်မာသောဂျန်ဒါမူဝါဒမူဘောင်ကိုရေးဆွဲချမှတ်ပြီး တန်းတူညီမျှသော ကရင်နီလူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရေးကိုဦးဆောင် သွားရန်လိုအပ်သည်။

## စိန်ခေါ်မှုများနှင့် လတ်တလောပြဿနာများ
## (Challenges and Current Issues)

၅။ စိန်ခေါ်မှုများနှင့်လတ်တလောပြဿနာများသည် ကရင်နီ၏လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးမျှော်ရည်ချက်တို့အပေါ်သက်ရောက်မှုဖြစ်စေသည်။ မြန်မာနိုင်ငံသည်လွတ်လပ်ရေးရပြီးစကတည်းကပင် အာဏာရှင်အဆက်ဆက်၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့ခြင်းဖြစ်သည်။ ဗမာလူမျိုးကြီးဝါဒနှင့် ဗုဒ္ဓဘာသာကိုအလွဲသုံးစားပြုကာ နိုင်ငံရေးအာဏာတည်ဆောက်ခဲ့ကြသည့်အာဏာရှင်များသည် ဖိုဝါဒဖြင့်လည်း အမျိုးသမီးများအပေါ်ဖိနှိပ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများဖြင့် ၎င်းတို့အာဏာခိုင်မြဲရေးကို လုပ်ဆောင်ခဲ့ကြသည်။ ကမ္ဘာဦးသမိုင်းတစ်လျှောက် ဖိုဝါဒ (သို့မဟုတ်) ဖခင်ကြီးစိုးသောဝါဒလွှမ်းမိုးခဲ့သည့်အလျှောက် ဖိုဝါဒအခြေခံဖြင့် နိုင်ငံရေးအာဏာတည်ဆောက်မှုများသည် မြန်မာ့သမိုင်းတွင်လည်း ကနဦးကပင်ရှိခဲ့ခြင်းဖြစ်သည်။ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစသည်တို့အမည်ခံပြီးအမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုသည် သိသာထင်ရှားသောဖိနှိပ်မှုပုံစံ မပေါ်လှသော်လည်း အမှန်စင်စစ်မြန်မာ့လူ့အဖွဲ့အစည်းအတွင်းတွင် တန်းတူညီမျှမှုများဆိတ် သုဉ်းနေသောအခြေခံအကြောင်းရင်းတစ်ခုဖြစ်နေသည်။ လတ်တလောအခြေအနေတွင်လည်း လူ့အဖွဲ့အစည်းတွင်း အခြေခံအဆောက်အအုံများတွင် အမြစ်တွယ်နေပြီးဖြစ်သောအခြေအနေမှ အာဏာရှင်အမြစ်ဖြုတ်ချေမှုန်းနိုင်ရေးကို တော်လှန်တိုက်ပွဲဝင်နေသောကာလဖြစ်သည်။ လူမျိုး၊ ကိုးကွယ်ယုံကြည်သည့် ဘာသာနှင့်လိင်စသည်တို့

အပေါ်အခြေခံပြီး ဖိနှိပ်ခွဲခြားဆက်ဆံကာ လူတစ်ဦးတစ်ယောက်စီ၏ တန်ဖိုးကိုဆုံးဖြတ်သည့် လူ့အဖွဲ့အစည်းအတွင်းရှိ လူမှုအဆောက်အအုံများကို မြေလှန်ပြောင်းလဲပစ် နိုင်ရန်လိုအပ်သည်။ ထိုအခြေအနေများအတွင်း အမျိုးသမီးများအားလုံးအပေါ်ယေဘုယျအားဖြင့် အနုတ်လက္ခဏာဆန်သော သက်ရောက်မှုများရှိနေသော်လည်း အထူးသဖြင့်လူနည်းစုနှင့်လူမျိုးစု အမျိုးသမီးများ၊ ပြည်တွင်းစစ်နှင့်လက်နက်ကိုင်ပဋိပက္ခများ၏ တိုက်ရိုက်သက်ရောက်မှုရှိသော နယ်မြေများရှိအမျိုးသမီးများအတွက်မူ ကြီးမားလေးလံလှသောဝန်ထုပ်ဝန်ပိုးများနှင့် စိန်ခေါ်မှုများကိုဖြစ်စေသည်။

## တန်းတူရေးအလေးထားမှု

## (Emphasis on Equality)

၆။ မြန်မာနိုင်ငံတွင် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လှုပ်ရှားမှုများသည် လွတ်လပ်ရေးနှင့်အတူမွေးဖွားလာခြင်းဖြစ်သည်။ အထူးသဖြင့် ဗမာမဟုတ်သောတိုင်းရင်းသားများက လူမျိုးရေးတန်းတူမှု (တိုင်းရင်းသားတန်းတူရေး) အတွက် တစိုက်မတ်မတ်တိုက်ပွဲဝင်လာခဲ့ကြသူများဖြစ်ကြသည်။ အမှန်စင်စစ် တန်းတူရေးအယူအဆသည် အာဏာရှင်အလုံးစုံအမြစ်ဖြတ်ရေးအတွက်တိုက်ပွဲဝင်နေကြသော လက်ရှိတော်လှန်ရေးအင်အားစုအများစုနှင့် ရင်းနှီးသောအကြောင်းအရာတစ်ခုဖြစ်သည်။ သို့သော် တန်းတူရေးဟုဆိုရာတွင် အဖိနှိပ်ခံ၊ ခွဲခြားဆက်ဆံခံရသော ပြည်သူများအားလုံးအတွက်အနှစ်သာရပြည့်ဝသည့် တန်းတူရေးဖြစ်သည် ဟူသောတိကျပြတ်သားသောရှင်းလင်းမှု နှင့်နားလည်မှုများအခိုင်အမာမရှိခဲ့ပါ။ မြန်မာနိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းအသီးသီးတွင် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့်ဘာသာ၊ အရပ်ဒေသစသည့် အကြောင်းအမျိုးမျိုးဖြင့် ခွဲခြားဖိနှိပ်ခံနေရသူများ ရှိနေခြင်းသည် အာဏာရှင်အဆက်ဆက်၏ ရှင်သန်မှုဇစ်မြစ်ဖြစ်ခဲ့သည်။ ထို့ကြောင့် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအခြေခံသော ဖက်ဒရယ်နိုင်ငံသစ်ကိုတည်ဆောက်ရန် ကြိုးစားကြရာတွင် အားလုံးပါဝင်သော၊ အနှစ်သာရပြည့်ဝသော၊ သမားရိုးကျထက်ကျော်လွန်ပြီး ရလဒ်ကိုအခြေခံသောတန်းတူမှုမျိုးကို အခွင့်အရေးတစ်ခုအနေဖြင့် နိုင်ငံသားတိုင်းခံစားခွင့်ရှိရေးနှင့် ပြည်ထောင်စုနိုင်ငံသစ်၏အခြေခံမှုအနေဖြင့်လည်း ချဉ်းကပ်တည်ဆောက်သွားရန် အရေးကြီးလှသည်။

# ကရင်နီပြည်အတွင်းရှိ ဂျန်ဒါအာဏာအခြေအနေအား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

## (Gender Power Analysis in Karenni)

၇။ မြန်မာပြည်တစ်ခုလုံးအတိုင်းအတာ၏ အာဏာခွဲခြမ်းစိတ်ဖြာလေ့လာမှုအားဂျန်ဒါနှင့် အလွှာပေါင်းစုံမှ ခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေ (Intersectionality) မှတဆင့် ဆက်စပ်အခြေတည်ပြီး ကျယ်ကျယ်ပြန့်ပြန့်လေ့လာရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရှုထောင့်များတွင် အာဏာကိုမည်သို့ဖြန့်ကျက်ထားသည်၊ မည်သို့ကျင့်သုံးနေသည်ဆိုသည်ကို ဆန်းစစ်ရန်နှင့် ယင်းအာဏာယှဉ်ပြိုင်အားများက အမျိုးသားများထက် အမျိုးသမီးများပေါ် မည်သို့ကွဲပြားစွာအကျိုးသက်ရောက်စေသည်ဆိုသည်ကို ဆန်းစစ်ရန်လိုအပ်သည်။ ထို့ကြောင့် ဂျန်ဒါအာဏာယှဉ်ပြိုင်အားများကို လေ့လာရာတွင် နိုင်ငံရေးအာဏာ၊ စီးပွားရေးအာဏာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအာဏာ၊ ခုခံတွန်းလှန်အားနှင့် လုပ်ဆောင်နိုင်စွမ်းတို့ကို အထူးနားလည်သဘောပေါက်ရန် လိုအပ်သည်။

၈။ ကရင်နီပြည်အတွင်းတွင် ဂျန်ဒါအာဏာအခြေအနေကို ခုခံတွန်းလှန်ခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်းတို့အပြင် ဖွဲ့စည်းတည်ဆောက်ပုံအရအမြစ်တွယ်လာသော ဖိုဝါဒကြီးစိုးမှုများနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (Gender Based Violence) ကိုနိုင်ငံရေးလက်နက်တစ်ခုသဖွယ်အသုံးချခြင်းအကြောင်းအရာများကို အခြေခံပြီးမူဝါဒမူဘောင်မှ ခွဲခြမ်းစိတ်ဖြာလေ့လာထားရာ အသေးစိတ်လေ့လာချက်များကို **နောက်ဆက်တွဲ (က)** တွင် အကျယ်တဝင့် ရှင်းလင်းဖော်ပြထားပါသည်။

# အခန်း (၂)
# ဥပဒေမူဘောင် (Legal Framework)
# ဂျန်ဒါနှင့်ပတ်သက်သည့်ပကတိအနေအထား၊ အခြေအနေနှင့် စိန်ခေါ်မှုများကို ကျော်လွှားခြင်း
## (Overcoming the realities, conditions and challenges related to Gender)

၉။ လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းစစ်ဖြစ်နေသည့် အခြေအနေများအတွင်း ပညာရေး၊ ကျန်းမာရေးစသည့် အဓိကအခန်းကဏ္ဍများတွင် အထူးသဖြင့်အမျိုးသမီးများအတွက် ကြီးမားသောစိန်ခေါ်မှုများရှိနေသည်ကို သုတေသနစစ်တမ်းများက ဖော်ထုတ်ပြီးဖြစ်သည်။ ဆုံးဖြတ်ချက်ချသည့် နေရာအဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်မှုအားနည်းနေခြင်း၊ နည်းပညာဆက်သွယ်ရေးစိန်ခေါ်မှုကြောင့် အထူးသဖြင့်အမျိုးသမီးများအတွက် သတင်းအချက်အလက်များရရှိရေးနှင့်ပတ်သက်၍ ကြီးလေးသောအခက်အခဲနှင့်ဝန်များဖြစ်နေခြင်း၊ ထို့အတူ လူ့အဖွဲ့အစည်းအတွင်း အခြေခံလူ့အခွင့်အရေးများနှင့်ပတ်သက်၍ တစ်စုံတစ်ရာဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ ရှိမနေသည့်အခြေအနေတွင် အမျိုးသမီးများအပေါ် သက်ရောက်မှုသည် အတိုင်းထက်အလွန် ကြီးမားနေသည်ကိုတွေ့ရသည်။

၁၀။ တော်လှန်ရေးကာလအတွင်း အမျိုးသမီးများအပေါ် လိင်အခြေပြုအကြမ်းဖက်မှုများ ပုံစံအမျိုးမျိုးဖြင့် ပိုမိုဆိုးရွားလာသည့်အခြေအနေတွင်ရှိနေသည်ကိုလည်း လူ့အခွင့်အရေးဆိုင်ရာသုတေသနများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ စစ်တမ်းများ၊ အစီရင်ခံစာများက ဖော်ပြထားကြသည်။ ထို့အပြင် ပြစ်မှုကျူးလွန်သူများက ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေခြင်း၊ ချိုးဖောက်ကျူးလွန်သူများမှာ အာဏာပိုင်များ၊ ဆုံးဖြတ်ချက်ချဆောင်ရွက်ပိုင်ခွင့်ရှိသူများဖြစ်နေသည့်အခါ ထုတ်ဖော်ပြောဆိုရန် ကြီးမားသောအခက်အခဲနှင့် စိန်ခေါ်မှုဖြစ်နေပြန်သည်။ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင် ရှင်းလင်းစွာမရှိသေးသည့်ကာလအတွင်း အကြမ်းဖက်မှုများကို ထိရောက်စွာကိုင်တွယ်အရေးယူ ဆောင်ရွက်နိုင်မှုများလည်း ပျက်ကွက်နေခဲ့သည်။ ချိုးဖောက်ကျူးလွန်သူများသည် အကြမ်းဖက်မြန်မာ့စစ်တပ်အပြင် တော်လှန်ရေးတပ်အဖွဲ့ဝင်များကိုယ်တိုင်လည်း ပါဝင်နေသည်။

၁၁။ လက်ရှိအခြေအနေတွင် အမျိုးသမီး၊ အမျိုးသားများနှင့်ပတ်သက်သော တရားမျှတမှု အာမခံရှိရေးဆိုင်ရာ ဥပဒေရေးရာမူဘောင်အား ရေးဆွဲထားခြင်းမရှိသေးသည့်အတွက် လိင်အခြေပြု မတရားမှုများ၊ ဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော အမျိုးသမီး၊ အမျိုးသားများအတွက် တရားမျှတမှုရရှိနိုင်ရန် စိန်ခေါ်မှုများကြုံတွေ့နေရဆဲဖြစ်သည်။ ထို့ကြောင့် ပြည်နယ်ဥပဒေရေးဆွဲရေးအဖွဲ့နှင့် ဒေသတွင်းလုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများသည် လိင်အခြေပြုကိစ္စရပ်များကို ထိရောက်စွာကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်သည့်ဥပဒေရေးရာမူဘောင်နှင့် ယန္တရားများကို အမြန်ဆုံးတည်ဆောက်ရန် လိုအပ်သည်။

## အလေးထားစဉ်းစားရမည့် ဥပဒေအမျိုးအစားများ

## (Key Legal Categories Requiring Priority Consideration)

၁၂။ နိုင်ငံရေးအဆောက်အအုံဆိုင်ရာယန္တရားများ (Institutional Mechanisms) ကို ပြန်လည်အစပြုတည်ဆောက်ကြရာတွင်လည်း အမျိုးသမီးများကိုကာကွယ်သည့် ဥပဒေများ အရေးပေါ်ရေးဆွဲပြဋ္ဌာန်းခြင်းအပြင် အဆိုပါဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည့် ဌာနများထားရှိခြင်းကိုပါ ထည့်သွင်းလုပ်ဆောင်ရမည်ဖြစ်သည်။ ဂျန်ဒါတန်းတူရေးကိုဖော်ဆောင်ရန် လိုအပ်သည့်ဥပဒေများဆိုင်ရာမူဘောင်သည် အတိတ်တွင်ရင်ဆိုင်ဖြတ်သန်းခဲ့ရမှုအပေါ် အနာဂတ်ရဖြစ်စေသည့် အတွေ့အကြုံများကိုသိသိသာသာ ပြန်လည်ကုစားနိုင်ရမည်။ ယေဘုယျအားဖြင့် အောက်ပါဥပဒေများကို ဂျန်ဒါရှုထောင့်မှနေ၍ တန်းတူရေးဖော်ဆောင်မှုကို ရှေးရှုစဉ်းစားနိုင်သည်-

(က) အိမ်ထောင်ခန်းဥပဒေများ (ဓလေ့ထုံးတမ်းဥပဒေများကို အခြေခံလူ့အခွင့်အရေး၊ တန်းတူရေး၊ ပြဋ္ဌာန်းချက်များနှင့်အညီ ထည့်သွင်းကာကွယ်ပြဋ္ဌာန်းရန်)

(ခ) ပြစ်မှုဆိုင်ရာဥပဒေများ (စနစ်တကျကျူးလွန်သော ရာဇဝတ်မှုများ၊ သက်သေအကာအကွယ်ပေးခြင်းနှင့် ရာဇဝတ်မှုများအတွက်စည်းမျဉ်းများအပါအဝင်)

(ဂ) ကျန်းမာရေးဆိုင်ရာဥပဒေများ (မျိုးဆက်ပွားကျန်းမာရေးအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များ)

(ဃ) ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်ဆိုင်ရာဥပဒေများ (ဥပဒေနှင့်မညီသော ပစ္စည်းဥစ္စာနှင့် မြေယာပိုင်ဆိုင်မှုများအပါအဝင်)

(င) ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာဥပဒေများ (ပြန်လည်တည်ဆောက်ရေးကာလအတွက်ရည်ရွယ်ပြီး ဘတ်ဂျက်သီးသန့်သတ်မှတ်နိုင်ရေးအပါအဝင် အမျိုးသမီးများစွမ်းရည် အားကောင်းမှုကိုရှေးရှုသည့် တန်းတူရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အခြားတန်းတူရေးဆိုင်ရာပြဋ္ဌာန်းချက်များ)

## အခန်း (၃)

# ဂျန်ဒါမူဝါဒ မူဘောင် (Gender Policy Framework)

၁၃။ ဤမူဘောင်သည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ကြားကာလအစီအမံ၊ ဖယ်ဒရယ်ဒီမိုကရေစီချာတာ၊ ဖယ်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ (ဒုတိယမူကြမ်း) နှင့် အနာဂတ်ကရင်နီပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ (စတုတ္ထမူကြမ်း) စသည့် စာရွက်စာတမ်းများတွင်ပါဝင်သော အခြေခံမူများ၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများတွင် အကျုံးဝင်သောတန်းတူရေးနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များကို ရည်ညွှန်းကိုးကားထားပါသည်။ အဆိုပါရေးဆွဲပြဋ္ဌာန်းချက်များ၏ အသက်ဝင်မှုနှင့်အနှစ်သာရပြည့်ဝမှု ရှိစေရန် လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်မည့် ယန္တရားများလိုအပ်သည်။ အဆိုပါယန္တရားများအနေဖြင့် အမျိုးသမီးနှင့်အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများပါဝင်သော ပြည်နယ်၊ (နိုင်ငံတော်) နှင့် ဒေသန္တရအစိုးရအဆင့်ဆင့်ကို ချိတ်ဆက်ပေးနိုင်ရမည်။ တန်းတူရေးအာမခံမှုပြဋ္ဌာန်းချက်များကို အနှစ်သာရပြည့်ဝစွာ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် လိုအပ်သောယန္တရားများကိုအစိုးရအတွင်း အမြင့်ဆုံးအာဏာပိုင်အဆင့်မှစ၍လုံလောက်သော အရင်းအမြစ်များ၊ လုပ်ပိုင်ခွင့်အာဏာများ ထည့်သွင်းသတ်မှတ်ပြီး တန်းတူရေးအလေးထားမှုကို အစိုးရမူဝါဒများအားလုံးတွင် ထင်ဟပ်ပေါ်လွင်စေရမည်။

၁၄။ ဂျန်ဒါတန်းတူရေးကိုပြည်နယ် (သို့မဟုတ်) နိုင်ငံတော်အစိုးရယန္တရားများက အဆောက်အအုံဆိုင်ရာယန္တရားများဖြင့် အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်။ ဤယန္တရားများသည် ပြည်နယ်အစိုးရများအတွင်းရှိနေသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်တရားစီရင်ရေးဆိုင်ရာယန္တရားများအပြင် ဖွဲ့စည်းပုံပြဋ္ဌာန်းချက်ပါ လွတ်လပ်သောအဖွဲ့အစည်းများဖြစ်ကြသည်။ ဂျန်ဒါတန်းတူရေးကိုဖော်ဆောင်မည့် အဆောက်အအုံဆိုင်ရာ ယန္တရားများအားလုံးသည် တည်ဆောက်စဖြစ်သောကြောင့် ထိရောက်မှုအားကောင်းစေရန် ရှင်းလင်းသောအခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည့်နည်းလမ်းများကို သေချာ

ရေးဆွဲချမှတ်ထားရမည်။ အဆိုပါ ယန္တရားများရှိခြင်းအားဖြင့် (ဝန်ကြီးဌာန) လုပ်ငန်းဌာနများ အကြား၊ အစိုးရဌာနများနှင့်အခြားအစိုးရအေဂျင်စီများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်း အခြေပြုအဖွဲ့အစည်းများအကြားသော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသမီးများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို အထောက်အကူပြုအားကောင်းစေပြီး အမျိုးသမီးအခွင့်အရေးနှင့် ရပိုင်ခွင့်များဆိုင်ရာတို့ကိုလည်း အမျိုးသမီးများကိုယ်တိုင် ပိုမို နားလည်နိုင်မည့်နည်းလမ်းများ ရှိလာစေသည်။

၁၅။ တပြိုင်တည်းတွင် မူဝါဒချမှတ်အကောင်အထည်ဖော်မည့် အဆောက်အအုံများ၊ ယန္တရားများနှင့်အတူ ၎င်းတို့၏လုပ်ငန်းဆောင်တာများအတွက် ကုန်ကျစရိတ်နှင့်သုံးငွေများကို အခြားအုပ်ချုပ်ရေးလုပ်ငန်းဆောင်တာများနည်းတူ စနစ်တကျသီးသန့်သတ်မှတ်ထားရှိခြင်းကို လုပ်ဆောင်ရန်လိုအပ်သည်။

## အခန်း (၄)

## ဂျန်ဒါဆိုင်ရာမူဘောင်၏ ရည်မှန်းချက်နှင့်အခြေခံမှု

## (Gender Policy Framework)

## မျှော်ရည်ချက်နှင့်တာဝန် (Mission and Goal)

၁၆။ ဤဂျန်ဒါမူဝါဒမူဘောင်၏မျှော်ရည်ချက်သည် ကရင်နီပြည်၏ မူလနိုင်ငံရေး မျှော်ရည်ချက်အား အခြေခံသည်။ ထို့အပြင် အနာဂတ်ကရင်နီပြည်အတွက် ရည်ရွယ် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် တော်လှန်ရေးအင်အားစုများ၏ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်သို့ မျှော်ရည်ရေးဆွဲထားကြသော ဖက်ဒရယ်ပဋိညာဉ် ပထမပိုင်းပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးကိုအခြေခံထားသည်။ ထို့အတူ ဤဂျန်ဒါ မူဝါဒမူဘောင်ကိုရေးဆွဲရာတွင် ကရင်နီလူ့အဖွဲ့အစည်းအတွင်း မှီတင်းနေထိုင်ကြသော အမျိုးသမီး၊ အမျိုးသားအားလုံး၏ တန်းတူရည်တူဖြစ်မှုနှင့် ၎င်းတို့၏တန်းတူပါဝင်မှုဖြင့် တရားမျှတ၍ သာယာဝပြောသော ကရင်နီလူ့အဖွဲ့အစည်းတည်ဆောက်ခြင်းဟူသော အမြင်ကိုအခြေခံသည်။ အဆိုပါအမြင်ကို လက်တွေ့အကောင်အထည်ဖော်ရန်အလို့ငှါ လိုအပ်သော ဥပဒေများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်နိုင်ရန် လမ်းညွှန်ပေး မည့် ဤမူဘောင်ကို ရေးသားပြင်ဆင်ခြင်းဖြစ်သည်။

## အခြေခံမှု (Principles)

၁၇။ လူတိုင်းသည် ဥပဒေရှေ့မှောက်တွင်တန်းတူဖြစ်ပြီး ဥပဒေ၏အကာအကွယ်နှင့်အကျိုးသက်ရောက်မှုကို တန်းတူခံစားခွင့်ရှိသည်။ တန်းတူမှုဟုဆိုရာတွင် လူ့အခွင့်အရေးအားလုံးနှင့် လွတ်လပ်မှုအားလုံးကို တန်းတူခံစားခွင့်ရှိရမည်။ တန်းတူမှုကိုဖော်ဆောင်ရာတွင် လူတစ်ဦးတစ်ယောက်စီ (သို့မဟုတ်) မတရားသဖြင့် ခွဲခြားဆက်ဆံခံခဲ့ ရသူများ၏အခွင့်အရေးများကို ကာကွယ်ခြင်း၊ တိုးမြှင့်ခြင်းနှင့် နစ်နာဆုံးရှုံးခဲ့မှုတို့ကို ပြန်လည်ကုစားခြင်းများအတွက် လိုအပ်သော ဥပဒေနှင့် အခြားပြဋ္ဌာန်းချက်များကို ရေးဆွဲချမှတ်ပြီးအကောင်အထည်ဖော်ရမည်။ ဂျန်ဒါတန်းတူရေးကို အကောင်အထည်ဖော်ရာတွင် သမားရိုးကျ တန်းတူမှုချဉ်းကပ်ပုံ တစ်မျိုးတည်းဖြင့်မဟုတ်ဘဲ ရလဒ်ကိုအခြေခံသော ကရင်နီလူ့အဖွဲ့အစည်းအတွင်း အမှန်စင်စစ်တန်းတူရှိမှုကိုဦးတည်၍ဆောင်ရွက်ရမည်။ ကရင်နီပြည်အတွင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုဖြစ်စဉ်များမှတဆင့် ဂျန်ဒါရေးရာများကို ထည့်သွင်းစဉ်းစားခဲ့ပြီးတော်လှန်ရေးကာလမှစ၍ အသွင်ကူးပြောင်းရေးကာလအထိ အောက်ပါအခြေခံမှုနှင့်လမ်းညွှန်ချက်များကို သေချာစွာအကောင်အထည်ဖော်ခြင်းအားဖြင့် ပြည်ထောင်စုနိုင်ငံသစ်တည်ဆောက်ရန် (Integration of Gender) အတွက် အောက်ပါအခြေခံမှု (၁၂) ချက်ကို မူဘောင်မှ လမ်းညွှန်ထားသည်-

(က) မူဝါဒများအားလုံးနှင့်မူဝါဒများကိုအကောင်အထည်ဖော်မည့် အစီအမံများအားလုံးတွင် လူတိုင်းအတွက် တန်းတူညီမျှရေးမူ၊ လိင်နှင့်လူမျိုးရေးခွဲခြားဆက်ဆံမှုမရှိစေခြင်းမူများကို ထည့်သွင်းခြင်းအားဖြင့် ဂျန်ဒါတန်းတူရေးကို လက်တွေ့အကောင်အထည်ဖော်ခြင်း၊

(ခ) လူမျိုး (ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စာပေနှင့် ဘာသာစကားများ) ကွဲပြားမှု၊ လူတန်းစားကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာကွဲပြားမှု၊ ခြားနားသန်စွမ်းမှုဆိုင်ရာကွဲပြားမှု၊ အသက်အရွယ်ကွာခြားကွဲပြားမှု၊ စသည်တို့ကို မျက်ကွယ်ပြုခြင်း (ရှိခြင်းနှင့် ဖြစ်တည်ခြင်းကိုအသိအမှတ်မပြုခြင်း) သို့မဟုတ် အရေးမပါသကဲ့သို့သဘောထားခြင်းကို မပြုလုပ်ခြင်း၊

(ဂ) တစ်ပြိုင်နက်တည်းတွင် ဂျန်ဒါတန်းတူညီရေးများကိုလည်း ပိုမိုအားကောင်းစေသည့် လုပ်ဆောင်ချက်၊ အစီအမံများရေးဆွဲပြီး အတိတ်တွင်ရှိခဲ့သော ကျား၊မခွဲခြားဆက်ဆံမှုများကို ပြောင်းလဲပစ်ခြင်း၊

(ဃ) အမျိုးသမီးအခွင့်အရေးများကို လူ့အခွင့်အရေးများအဖြစ်ရှုမြင်တတ်ခြင်း၊

(င) ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ကိုးကွယ်ယုံကြည်မှုများ စသည်တို့ကို ကျင့်သုံးရာတွင် တန်းတူညီမျှမှုနှင့်လူ့အခွင့်အရေးများနှင့်အညီဖြစ်ခြင်း၊

(စ) အမျိုးသမီးများအတွက်ဦးတည်သည့် အထူးစီမံဆောင်ရွက်ချက် အစီအမံများကို ရေးဆွဲဖော်ထုတ် အကောင်အထည်ဖော်ခြင်း၊

(ဆ) အမျိုးသမီးများ၏ စီးပွားရေးအင်အားတောင့်တင်းခိုင်မာစေရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသမီးများအတွက် အခွင့်အလမ်းနှင့်ရပိုင်ခွင့်များကို အဟန့်အတားဖြစ်စေသည့်မူဝါဒများ၊ ကျင့်ထုံးများကို အထူးအလေးထားပြင်ဆင်ခြင်းဖြင့် အမျိုးသမီးများ၏အခြေခံလိုအပ်ချက်များ၊ စီးပွားရေး၊ စားဝတ်နေရေးနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့် စသည်တို့ကို မြှင့်တင်ဖော်ဆောင်ခြင်း၊

(ဈ) ကျား၊မတန်းတူညီမျှရေးသို့ရောက်ရှိရန်အတွက် အထက်ပါအချက်များနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့်ဥပဒေများ၊ နည်းဥပဒေများရှိလျှင် ထိရောက်စွာကျင့်သုံးအသက်ဝင်စေခြင်း၊ လိုအပ်ပါက ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊

(ည) ချမှတ်ထားသော တန်းတူရေးဆိုင်ရာမူဝါဒများကိုအမှန်တကယ် အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်ပြီး ပြည်နယ်တစ်ခုလုံးအဆင့် ပြည်သူပိုင်နှင့်ပုဂ္ဂလိကကဏ္ဍ အသီးသီးတွင် လုံလောက်သော ယန္တရားများတည်ဆောက်ခြင်း၊ ထို့အပြင် အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် လုံလောက်သော တည်ဆောက်မှုများနှင့် အရင်းအမြစ်များကို သီးသန့်စီမံထားရှိခြင်း၊

(ဋ) မူဝါဒရေးဆွဲသူများအားလုံးနှင့် မူဝါဒအကောင်အထည်ဖော်သူများ၊ မဟာဗျူဟာရေးဆွဲသူများနှင့် ကြီးကြပ်အကောင်အထည်ဖော်သူများအတွက် သင့်လျော်လျောက်ပတ်သော သင်တန်းများဖွင့်လှစ်ပြီး ဂျဲန်ဒါရေးရာသုံးသပ်မှုအပါအဝင် ဂျဲန်ဒါတန်းတူရေးနှင့်ပတ်သက်သည့် အသိပညာနှင့်အတတ်ပညာများ၊ အတွေးအခေါ်ယူဆမှုများကို ထိန်းကျောင်းခြင်းနှင့် မြှင့်တင်ခြင်း၊

(ဌ) အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများ၊ အစိုးရဌာနဆိုင်ရာများကဲ့သို့သော နိုင်ငံရေးအဆောက်အအုံများနှင့် အမျိုးသမီးအဖွဲ့၊ ဂျဲန်ဒါတန်းတူရေးကော်မတီ၊ အမျိုးသမီးများ အခြေအနေဆိုင်ရာကော်မရှင်စသည့်အဖွဲ့များအကြား ထိရောက်မှုရှိသော ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲချမှတ်ခြင်း။

# အခန်း (၅)
# နိုင်ငံရေးယန္တရားအဆောက်အအုံများဆိုင်ရာမူဘောင်
# (Institutional Framework)

၁၈။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ဤဂျန်ဒါမူဝါဒမူဘောင်ကို ရေးဆွဲအတည်ပြုပြီး ပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို ဦးဆောင်ရမည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် ကြားကာလအုပ်ချုပ်ရေးကောင်စီတို့မှချမှတ်ဆောင်ရွက်ကြမည့် မူဝါဒများအားလုံးသည် ဂျန်ဒါတန်းတူညီမျှမှုကို ရှေးရှုသောမူဝါဒများဖြစ်စေရေးကို မူဘောင်မှ ဦးတည်သည်။ ဤဂျန်ဒါမူဝါဒမူဘောင်သည် ကျားမရေးရာနှင့် သက်ဆိုင်သည်ဆိုသော်လည်း အမျိုးသမီးများ၏လုံခြုံမှု၊ စွမ်းရည်အားကောင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထူးစဉ်းစားထားသည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းတစ်လျှောက်ရှိခဲ့သော (သို့မဟုတ်) ရှိရန် ပျက်ကွက်ခဲ့သော မူဝါဒများနှင့်ဥပဒေများသည် အထူးသဖြင့်အမျိုးသားများကို အရေးသာစေခဲ့ခြင်း၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခဲ့ခြင်း၊ အမျိုးသမီးများအတွက် နစ်နာဆုံးရှုံးမှုများရှိစေခဲ့သည်။ အမျိုးသမီးများအနေဖြင့် အခွင့်အလမ်းများ၊ ဆုံးဖြတ်ချသည့်အဆင့်၊ ဦးဆောင်မှုများနှင့် အရင်းအမြစ်သုံးစွဲမှုများအပေါ် တိုက်ရိုက်ပါဝင်လွှမ်းမိုးနိုင်မှု မရှိသေးသရွေ့ မူဝါဒရေးဆွဲသူများနှင့် ဆုံးဖြတ်ချက်ချသူများအနေဖြင့် ဂျန်ဒါနှင့်လိင်ကွဲပြားမှုကိုအစဉ်တစိုက် ထည့်သွင်းစဉ်းစားပြီး အမျိုးသမီးဆိုင်ရာကိစ္စရပ်များ သီးခြားလုပ်ဆောင်နိုင်ရန်အတွက် သီးသန့်အရင်းအမြစ်များ သတ်မှတ်သုံးစွဲခြင်းများကို ပြုလုပ်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသမီးများ စွမ်းရည်အားကောင်းမှုကိုစဉ်းစားခြင်းသည် အဆုံးသတ်ပန်းတိုင်မဟုတ်ပဲ လူ့အဖွဲ့အစည်းအတွင်း ဂျန်ဒါတန်းတူရှိမှုကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ဆောင်ဖြတ်ကျော်ရမည့် အဆင့်တစ်ဆင့်သာဖြစ်သည်ဟု နားလည်သဘောပေါက်ရမည်ဖြစ်သည်။

# အဆောက်အအုံဆိုင်ရာမူဘောင်နှင့် ယန္တရားများ

(Institutional Framework and Mechanism)

၁၉။ ကရင်နီပြည်တစ်ခုလုံးအတိုင်းအတာဖြင့် ကျားမတန်းတူရေးနှင့် အမျိုးသမီးများဘဝဘက်စုံမြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံရေးအဆောက်အအုံများနှင့်၎င်းတို့၏ သက်ဆိုင်ရာယန္တရားများမှတဆင့် တာဝန်ခံလုပ်ဆောင်သွားရမည်။ ထို့ကြောင့် မူဘောင်တစ်ခုလုံးကို ပြည်နယ်အတိုင်ပင်ခံကောင်စီမှ တာဝန်ယူကြီးကြပ်သွားရန်ဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ မူဝါဒများချမှတ်ကာ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးမှ အဓိကတာဝန်ခံနှင့် ကရင်နီပြည်ကြားကာလလွှတ်တော် အဖွဲ့ဝင်တစ်ဦး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဝန်ကြီးဌာနမှ ဝန်ကြီးတစ်ဦးနှင့် လိုအပ်သောတတ်သိပညာရှင်တို့ဖြင့် ဖွဲ့စည်းထားသော မူဘောင်ကြီးကြပ်ရေးကော်မတီ (an integrated monitoring committee) ကို ဖွဲ့စည်းရမည်။





*Figure 1 မူဘောင်ကြီးကြပ်ရေးကော်မတီ*

# ကရင်နီပြည်တစ်ခုလုံးဆိုင်ရာဂျန်ဒါမူဝါဒ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများ ဆိုင်ရာမူဘောင်

## (Institutional Framework for Karenni State Gender Policies)

၂၀။ ပြည်နယ်တစ်ခုလုံးဆိုင်ရာ နိုင်ငံရေးအဆောက်အအုံယန္တရားမူဘောင်၏ အဓိကဦး တည်ချက်သည် ဂျန်ဒါတန်းတူရေးနှင့် အစဉ်တစိုက်အလေးထားပါဝင်မှု မဟာဗျူဟာများပါဝင် သော ဂျန်ဒါမူဝါကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ချိတ်ဆက် ဆောင်ရွက်မှု အားကောင်းရေးဖြစ်သည်။ နိုင်ငံရေးအဆောက်အအုံ ယန္တရားမူဘောင် ရှိခြင်းအားဖြင့် ဂျန်ဒါနှင့်ပတ်သက်ပြီး တာဝန်ရှိသည့်ဌာနများ၊ လူပုဂ္ဂိုလ်များ၊ ၎င်းတို့၏လုပ်ပိုင် ခွင့်နှင့် တာဝန်များ၊ ဥပဒေများနှင့် တရားရေးအစီအမံဆိုင်ရာများနှင့် ၎င်းတို့အားလုံး၏ ချိတ်ဆက်မှုတို့ကို ရှင်းလင်းပေါ်လွင်စေသည်။ နိုင်ငံရေးအဆောက်အအုံဆိုင်ရာ ယန္တရားများ ၏လုပ်ပိုင်ခွင့် နှင့် တာဝန်များသည် ဂျန်ဒါတန်းတူရေးနှင့်အတူ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကို ဦးတည်သည်။ ထို့အတူ ဂျန်ဒါတန်းတူရေးမူဝါဒများ ချမှတ် ဆောင်ရွက်ရေး၊ အစိုးရမူဝါဒများနှင့် အစီအမံများအတွင်း ဂျန်ဒါရှုထောင့်ကို ထည့်သွင်းခြင်း နှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ဦးတည်သည်။

၂၁။ ထို့ပြင် ဤမူဘောင်သည် ဂျန်ဒါတန်းတူရေးကို မူဝါဒရေးဆွဲပြဌာန်းအကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်နယ်တွင်းနိုင်ငံရေးအဆောက်အအုံနှင့် လူမှုအဖွဲ့အစည်းအားလုံး၏ ယန္တရားများတည်ဆောက်ရေးဆိုင်ရာလိုအပ်ချက်နှင့် အဆိုပါအဆောက်အအုံနှင့် လူမှုအဖွဲ့ အစည်းများအားလုံးရှိ ဝန်ထမ်းများအား သင်တန်းများဖြင့် ဂျန်ဒါတန်းတူရေးအလေးထားမှုကို စနစ်တကျလေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်မှုတို့ကို အသိအမှတ်ပြုထားသည်။ အောက်ပါ နိုင်ငံရေးအဆောက်အအုံ ယန္တရားများဖွဲ့စည်းပုံတွင် သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနများ၊ လူပုဂ္ဂိုလ်များ၏ တာဝန်ခံမှုအဆင့်ဆင့်ပါဝင်သည်-

(က) အမျိုးသမီးများ၏စွမ်းရည်အားကောင်းစေခြင်းနှင့် တန်းတူရေးဖော်ဆောင်ရန် ပြည်နယ်အဆင့် ယန္တရားများလိုအပ်ခြင်း (The Need for a State-level (and National Level) Machinery for Women's Empowerment & Gender Equality)

(ခ) ပြည်နယ်ဆိုင်ရာယန္တရားပုံစံ (Model for a State-level Machinery)

(ဂ) အုပ်ချုပ်ရေးအဖွဲ့လုပ်ငန်းတာဝန်နှင့်တည်ဆောက်ပုံ (Structures and Functions of the Executive)

(ဃ) ကရင်နီပြည်အမျိုးသမီးနှင့်ဂျန်ဒါတန်းတူရေးကော်မတီ (Establishment of the Office of the State Committee for Women & Gender Equality)

(င) ဥပဒေ-ပရေးအဖွဲ့လုပ်ငန်းတာဝန်နှင့်တည်ဆောက်ပုံ (Structures and Functions of the Legislature)

(စ) ပြဋ္ဌာန်းချက်အရ လွတ်လပ်သောအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း အတွင်းမှ အမျိုးသမီးအဖွဲ့အစည်းများ (Independent Statutory Bodies & Women’s Organizations in Civil Society)

၂၂။ ထို့ကြောင့် ကရင်နီပြည်၏ ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ကရင်နီပြည်အမျိုးသမီးနှင့် ဂျန်ဒါတန်းတူရေးဆိုင်ရာကော်မတီ (The Karenni State Committee for Women and Gender Equality- CWGE) ကိုဖွဲ့စည်းရမည်။ ကော်မတီတွင်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အတွင်းရေးမှူးတစ်ဦး၊ ဌာနအသီးသီးမှတာဝန်ခံဌာနမှူးများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။





*Figure 2 မူဝါဒ အကောင်အထည်ဖော်ဆောင်ရေးကော်မတီ*

ကရင်နီပြည်တစ်ခုလုံးဆိုင်ရာဂျန်ဒါမူဝါဒ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများ ဆိုင်ရာမူဘောင် အဆိုပြုချက်ကို **နောက်ဆက်တွဲ (ခ)** နှင့် **နောက်ဆက်တွဲ (ဂ)** တွင် အသေးစိတ်ကြည့်နိုင်သည်။

# ကရင်နီပြည်တွင်း အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်ကို မြှင့်တင်ခြင်း (Promoting Women's Peace and Security in Karenni)

၂၃။ ကရင်နီအမျိုးသမီးများသည် ခုခံတွန်းလှန်ရေး၊ အပြန်အလှန်အကူအညီပေးရေးနှင့် ရပ်ရွာလူထုပြန်လည်ထူထောင်ရေးတို့တွင် နှစ်ပေါင်းများစွာရှေ့တန်းမှရပ်တည်လာခဲ့ကြသည်။ ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများနှင့်ဦးဆောင်မှုများသည် ကရင်နီပြည်အတွင်း ရေရှည်တည်တံ့၍ အားလုံးအကျုံးဝင်မှုရှိသည့် ငြိမ်းချမ်းရေးကိုပုံဖော်ရာတွင် အဓိကကျသည်။ ဒေသတွင်း၌ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women’s Peace and Security) လုပ်ငန်းစဉ်ကို မြှင့်တင်လုပ်ဆောင်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရုံသာမကဘဲ အာဏာကိုပြန်လည်ဖြန့်ဝေ၍ အနာဂတ်တွင် အမျိုးသမီးများသည် မိမိတို့ရပ်ရွာများတွင် ဆုံးဖြတ်ချက်ချမှတ်သူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ အသွင်ကူးပြောင်းရေးအတွက် လုပ်ဆောင်နေသည့်ကိုယ်စားလှယ်များဖြစ်လာစေရန် ရည်ရွယ်သည်။

၂၄။ ကရင်နီပြည်အတွင်း အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန်အတွက် ကရင်နီပြည်ရှိ ဒေသန္တရစီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုခေါင်းဆောင်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်-၁၃၂၅ (UNSCR 1325) ကိုအခြေခံသော အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဆောင်ရွက်ရမည့် နယ်ပယ်အလိုက် လုပ်ငန်းစဉ်များကို **နောက်ဆက်တွဲ (ဃ)** တွင် ကရင်နီပြည်နှင့်မြန်မာနိုင်ငံအတွင်း ဂျန်ဒါကြောင့်ဖြစ်သည့်အာဏာနှင့်ခုခံ တွန်းလှန်မှု၊ အမျိုးသမီး၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းစဉ်ကို ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြင့် မြှင့်တင်ခြင်း- ဟူသောသုံးသပ်ချက်တွင် အကျယ်တဝင့်ရှင်းလင်းဖော်ပြထားသည်။

## အခန်း (၆)

# အလွှာပေါင်းစုံမှ ခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေတွင် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် မူဘောင်နှင့် ဂျန်ဒါကိုအစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ခြင်း

(Framework for intersectional Coordination and Gender Mainstreaming)

၂၅။ အလွှာပေါင်းစုံမှခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေဆိုသည်မှာ ကရင်နီလူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသော အလွှာပေါင်းစုံမှ ကွဲပြားစုံလင်မှုများအပေါ်အခြေခံ၍ အချို့သည် ခွဲခြားဆက်ဆံမှုများကို တစ်ခုထက်ပို၍တပြိုင်တည်းရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများရှိသည်ကို နားလည်လက်ခံခြင်းဖြစ်သည်။ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများနှင့် တိုင်းပြည်မဲ့အမျိုးသမီးများသည် လူမျိုးရေးအခြေခံသော၊ ဂျန်ဒါပေါ် အခြေခံသော ခွဲခြားဖယ်ကျဉ်မှုများကြောင့် ထပ်ဆင့်ဆိုးကျိုးများကိုကြုံတွေ့ကြရသည်။ ဥပမာအားဖြင့် နေရပ်စွန့်ခွာရ ခြင်း၊ တိုင်းမဲ့ပြည်မဲ့ဖြစ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးစားအပြုခံရခြင်း၊ စနစ်တကျဖယ်ကျဉ်ခံရခြင်းစသည့် အကြမ်းဖက်မှုပေါင်းစုံကိုရင်ဆိုင်နေရသည့် လူနည်းစုအမျိုးသမီးများသည် အာဏာတည်ဆောက်ဖွဲ့စည်းပုံအရ ၎င်းတို့၏ဝိသေသလက္ခဏာများသည် ဖယ်ကျဉ်ခံကြရကြောင်းဖော်ပြနေသည်။ နေရပ်စွန့်ခွာရခြင်း၊ တရားဥပဒေအရဖြစ်တည်မှုအမှတ်လက္ခဏာ ပျောက်ဆုံးမှု၊ တရားနည်းလမ်းတကျ လုပ်ဆောင်ရသည့်ဖြစ်စဉ်များမှ ကန့်သတ်ဖယ်ကျဉ်ခံရမှုများက လုံခြုံရေးနှင့်ပါဝင်နိုင်ရေးဆိုင်ရာ အဟန့်အတားများကို ပိုမိုမြင့်မားစေသည်။ ထို့သို့ အလွှာပေါင်းစုံမှခွဲခြားဖိနှိပ်မှုများလာရောက်စုဆုံနေသောအခြေအနေကြောင့်လည်း အန္တရာယ်ကျရောက်ရန် ပိုမိုလွယ်ကူသည်။

၂၆။ ဂျန်ဒါတန်းတူရေးမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် အလွှာပေါင်းစုံမှခွဲခြားဖိနှိပ်မှုများစုဆုံနေသောအခြေအနေကို နားလည်သဘောပေါက်ပြီး ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်မူဘောင်နှင့်ဂျန်ဒါကို အစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ရမည်။ ထို့ကြောင့် ကဏ္ဍအလိုက်မူဝါဒများချမှတ်ပြီး ကဏ္ဍများအကြားချိတ်ဆက်ဆောင်ရွက်သောစနစ်အားဖြင့် ခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေကို ချဉ်းကပ်ရမည်။ ချိတ်ဆက်ဆောင်ရွက်မှုမူဘောင်သည် စနစ်အသစ်တစ်ခုတည်ဆောက်ခြင်းမဟုတ်ဘဲ ရှိနှင့်ပြီးသော ကဏ္ဍများ၊ ဌာနဆိုင်ရာများ၊ ကွန်ရက်များနှင့် ၎င်းတို့၏လုပ်ငန်းပိုင်းဆိုင်ရာနည်းစနစ်များကို ချိတ်ဆက်ပေးခြင်းသာဖြစ်သည်။

## အခန်း (၇)
## အရင်းအမြစ်လျာထားချက်နှင့် သတ်မှတ်ချက်
## (Resource Allocations)

၂၇။ အမျိုးသမီးများလူမှုဘဝမြှင့်တင်ရေး (women's empowerment) နှင့် ဂျန်ဒါတန်းတူရေးတို့ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် ထိရောက်မှုရှိသောချိတ်ဆက်ဆောင်ရွက်မှု၊ ကွန်ရက်များနှင့် နည်းပညာပံ့ပိုးခြင်း စသည်တို့ကိုဆောင်ရွက်ရာတွင် လုံလောက်သောအရင်းအမြစ်များရှိရန် လိုအပ်သည်။ အရင်းအမြစ်ဆိုရာတွင်-

(က) နည်းပညာ (Technical)
(ခ) သုတေသနနှင့်မှတ်တမ်းတင်ခြင်း (Research and Documentation)
(ဂ) ဆက်သွယ်ရေး (Communications)
(ဃ) ငွေကြေး (Finance)
(င) လူ့စွမ်းအားနှင့် (Human expertise)
(စ) ခိုင်မာသောနိုင်ငံရေးစိတ်ဆန္ဒ (firm political commitment) စသည်တို့ပါဝင်သည်။

၂၈။ ဂျန်ဒါမူဝါဒမူဘောင်အား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်စေရန် နိုင်ငံရေးမဏ္ဍိုင်များအားလုံး၏ အမြင့်ဆုံးအဆင့်ဦးဆောင်မှုအထိ အမျိုးသမီးပါဝင်မှုကို ဦးတည်ပြီး အစဉ်တစိုက်အလေးထားလုပ်ဆောင်သွားရန်နှင့် ဂျန်ဒါတန်းတူရေးနှင့် အစဉ်တစိုက်အလေးထားမှုရှိလာစေရေးကို လက်တွေ့ကျကျလုပ်ဆောင်သွားနိုင်မည့် မဟာဗျူဟာများချမှတ်လုပ်ဆောင်သွားရန် လိုအပ်သည်။

၂၉။ ထို့ပြင် ဂျန်ဒါအစဉ်တစိုက်အလေးထားမှုရှိခြင်းနှင့် ဂျန်ဒါတန်းတူရေးဖော်ဆောင်မည့် ယန္တရားများ (Mechanisms for Gender Equality and Mainstreaming) အတွက် ဂျန်ဒါတန်းတူရေးဖော်ဆောင်ရေး မဟာဗျူဟာအပါအဝင် ချိတ်ဆက်ဆောင်ရွက်မှုနှင့် ဂျန်ဒါအစဉ်တစိုက်အလေးထားမှုရှိစေရန် ဂျန်ဒါတန်းတူရေးကို ဦးတည်သည့်မူဝါဒအား စနစ်တကျအကောင်အထည်ဖော်ဆောင်မည့် အဆောက်အအုံယန္တရားများသတ်မှတ်တည်ဆောက်ရမည်။ လုပ်ငန်းကဏ္ဍများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် အဓိကကျသော အုပ်ချုပ်ရေးဦးစီးတာဝန်ခံများနှင့် သက်ဆိုင်ရာဌာနများ၏ ဂျန်ဒါတန်းတူရေးဖော်ဆောင်ရေးနှင့် ဂျန်ဒါအစဉ်တစိုက် အလေးထားမှုရှိရေးဆိုင်ရာရှေ့ဆောင်မှု (Gender Mainstreaming) တို့အပေါ်တာဝန်ခံမှု အဆင့်ဆင့်ကို ရှင်းလင်းစွာချမှတ်ရမည်။

၃၀။ ဂျန်ဒါတန်းတူရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသောအဆောက်အအုံများ (Institutions) ၏ အရင်းအမြစ်များနှင့်စွမ်းရည်တို့ကို အစဉ်တစိုက် အားဖြည့်မြှင့်တင်ပေးခြင်း အားဖြင့် အစိုးရယန္တရားများ နှင့်မူဝါဒများ၏ ဂျန်ဒါအလေးထားမှုအစီအမံများ ပိုမိုကောင်းမွန် နိုင်သည်။ အများပြည်သူဆိုင်ရာ အဆောက်အအုံ (public institutions) များတွင် ဂျန်ဒါ တန်းတူရေးကို ၎င်းတို့၏ သက်ဆိုင်ရာလုပ်ငန်းအစီအမံများနှင့် လုပ်ရှားမှုများအတွင်း ထည့်သွင်းဆောင်ရွက်နိုင်ရေးအတွက် အရင်းအမြစ်နှင့် နည်းပညာများပံ့ပိုးခြင်းတို့ကို လုပ်ဆောင်ရမည်။

## အခန်း (၈)
## စောင့်ကြည့်အကဲဖြတ်ခြင်း
## (Monitoring and Evaluation)

၃၁။ မူဘောင်မှအဆိုပြုသည့် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာနည်းလမ်းနှင့် ယန္တရားများမှာ အောက်ပါ အချက်များကို အခြေခံရမည်ဖြစ်သည်-

(က) စီးပွားရေးနှင့်ဖွံ့ဖြိုးရေးများကဏ္ဍများတွင် အမျိုးသမီးများအနေဖြင့် အရင်းအမြစ် များကိုရယူခွင့်နှင့် လက်လှမ်းမီနိုင်သည့်အခွင့်အလမ်းများ၊

(ခ) အမျိုးသမီးများ၏ စီးပွားရေးတွင်ပါဝင်မှုနှင့် ဩဇာသက်ရောက်နိုင်အားကို မြှင့် တင်ခြင်း၊

(ဂ) မတရားမှုများဖြစ်သည့် ဆင်းရဲမွဲတေမှုနှင့်အကြမ်းဖက်မှုများအတွင်း အမျိုးသမီး များအပေါ် အကာအကွယ်ပေးသည့်အခြေအနေများ၊

(ဃ) နိုင်ငံရေးဆုံးဖြတ်ချက်များချမှတ်ခြင်းများတွင်အမျိုးသမီးများပါဝင်နိုင်မှု အခြေအ နေများ၊

(င) ဂျန်ဒါတန်းတူရေးအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအစီအမံများ၏ ထိ ရောက်အောင်မြင်မှုနှင့် သက်ရောက်မှုများကို တိုင်းထွာခြင်း၊

(စ) ဂျန်ဒါတန်းတူရေးဆိုင်ရာမူဝါများ၏ အောင်မြင်မှုနှင့်ထိရောက်မှု၊ အထူးသဖြင့် အမျိုးသမီးများအပေါ် ကျရောက်သည့်သက်ရောက်မှုများကို သုံးသပ်ခြင်း။

## အစိုးရအနေဖြင့် ဂျန်ဒါတန်းတူရေးကို အာမခံသည့် ရေးဆွဲပြဋ္ဌာန်းချက်များနှင့် သဘောတူညီချက်များကို ဖော်ပြထား သောမှတ်တမ်းမှတ်ရာများ အခိုင်အမာရှိနေခြင်း

၃၂။ ဂျန်ဒါတန်းတူရေးနှင့်ပတ်သက်၍ အစိုးရ၏ရပ်တည်ချက်များ ရှင်းရှင်းလင်းလင်း ရှိနေခြင်းနှင့် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်နှင့်ပတ်သက်ပြီး ပြင်ဆင်ထားမှု များရှိနေခြင်း၊

၃၃။ အစိုးရနှင့် အစိုးရမဟုတ်သော လွတ်လပ်သည့်လူမှုအဖွဲ့အစည်းများ၏ ကျယ်ပြန့်စုံ လင်သောပါဝင်မှုများဖြင့် ညှိနှိုင်းတိုင်ပင်ပြီးအစိုးရအတွင်း အမြင့်ဆုံးဦးဆောင်မှုများက လက်ခံ သဘောတူထားသောရလဒ်ကို ရှေ့ရှုသည့် ဂျန်ဒါတန်းတူရေးအကောင်အထည်ဖော်မှုဆိုင်ရာ မဟာဗျူဟာမြောက်အစီအစဉ်များရှိနေခြင်း၊

## တိုင်ကြားခြင်းနှင့် အယူခံဝင်ခြင်းယန္တရားများ

၃၄။ ဂျန်ဒါအခွင့်အရေးများနှင့်ဂျန်ဒါတန်းတူရေးကိုကာကွယ်ရန်အတွက် လွတ်လပ်သော၊ ဘက်မလိုက်သောနှင့်လုံလောက်ထိရောက်မှုရှိသော တိုင်ကြားခြင်းနှင့်အယူခံဝင်ခြင်းယန္တရား ကို လိုအပ်သည်။ အဆိုပါယန္တရားကို တည်ဆောက်ရာတွင် အောက်ပါအခြေခံအချက် (၂) ချက်ကို အဓိကဦးတည်ပြီး စဉ်းစားရမည်-

(က) အခွင့်အရေးများနှင့်ဂျန်ဒါတန်းတူရေးကိုကာကွယ်ရန်

(ခ) တိုင်ကြားမှုများကိုကြားနာရာတွင် ဘက်မလိုက်မှု၊ ကျွမ်းကျင်မှုနှင့် ထိရောက်မှုကို အဓိကထားရန်။

## အခန်း (၉)
## နိဂုံး (Conclusion)

၃၅။ ကရင်နီပြည်နယ် ဂျန်ဒါမူဝါဒမူဘောင်သည် ကရင်နီပြည်၏နိုင်ငံရေးမျှော်ရည်ချက်နှင့် ကရင်နီလူထုမှတည်ဆောက်လိုသည့် လူ့အဖွဲ့အစည်း၏ရည်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းအစီအမံများကို အဓိပ္ပါယ်ဖော်ဆောင်သည့် ရေးသားပြဋ္ဌာန်းချက် တစ်ခုဖြစ်သည်။ ကျယ်ပြန့်၍ ယေဘုယျဆန်သော လမ်းညွှန်မှုများကိုပေးခြင်းဖြစ်ပြီး ပြည်နယ်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်သောအဆောက်အအုံများမှ (institutional policies) မူဝါဒများချမှတ်နိုင်ရေးဖြင့် ညွှန်ကြားချက်နှင့် အနိမ့်ဆုံးအဆင့်သတ်မှတ်ချက်များနှင့် ဖော်ပြချက်ကိန်းညွှန်းများကို တိကျစွာရေးသားချမှတ်ပေးထားသည်။ မူဘောင်ပါ ရေးသားပြဋ္ဌာန်းချက်များအားလုံးသည် အထူးသဖြင့် ဖွံ့ဖြိုးရေးကဏ္ဍ၏မူဝါဒများနှင့် လုပ်ငန်းအစီအမံများအားလုံးအပေါ်တွင် သက်ရောက်မှုရှိသည်။ ပြည်နယ်၏အနေအထားနှင့် လိုအပ်ချက်များအရ မူဘောင်ကို ရေးဆွဲထားခြင်းဖြစ်ပြီး ထိုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ယန္တရားများ ဖော်ထုတ်ရန်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဂျန်ဒါတန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုထားခြင်းဖြစ်သည်။

၃၆။ ထို့ပြင် မူဘောင်သည် တစ်စုံလုံးဆိုင်ရာရှုထောင့် (holistic approach) မှ ဂျန်ဒါမူဝါဒမူဘောင်ကို ချဉ်းကပ်ထားသည်။ ပြည်နယ်ဖွဲ့စည်းပုံကသော်လည်းကောင်း၊ ပြည်ထောင်စုဖွဲ့စည်းပုံကသော်လည်းကောင်း၊ တိုက်ရိုက်ခွဲခြားဆက်ဆံခြင်းမပြုသော်လည်း သမားရိုးကျထုံးတမ်းစဉ်လာများ၊ ဓလေ့ကျင့်ထုံးများနှင့် လုပ်ထုံးလုပ်နည်းများကိုအခြေခံသည့် အမျိုးသမီးနှင့် အမျိုးသားများ တစ်ဦးအပေါ်တစ်ဦးရှိသောအမြင်များ၊ လူမှုပတ်ဝန်းကျင်မှ အမျိုးသမီးနှင့် အမျိုးသားများအပေါ်ထားရှိသောအမြင်များသည် အမျိုးသမီးများကို အမျိုးသမီးအခွင့်အရေးနှင့် လူ့အခွင့်အရေးများအား အပြည့်အဝခံစားခွင့်မှ ကန့်သတ်ခြင်း၊ တားဆီးခြင်းများ ရှိတတ်သည်။ ထို့ကြောင့် တန်းတူရေးကို အကောင်အထည်ဖော်ရာတွင်တစ်စုံလုံး ဆိုင်ရာရှုထောင့်မှ ချဉ်းကပ်ခြင်းက အဆိုပါလူမှုရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ အထူးသဖြင့် အမျိုးသမီးများအပေါ် ကျရောက်နိုင်သည့်အနုတ်လက္ခဏာဆန်သော သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားထားပြီး လမ်းညွှန်ထားသည့်မူဘောင်ဖြစ်ပါသည်။

# ကရင်နီပြည် ဂျန်ဒါမူဝါဒမူဘောင် နောက်ဆက်တွဲများ

**နောက်ဆက်တွဲ (က)** ကရင်နီပြည်အတွင်းရှိ ဂျန်ဒါပါဝါအခြေအနေ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

**နောက်ဆက်တွဲ (ခ)** ကရင်နီပြည် အမျိုးသမီးနှင့်ဂျန်ဒါတန်းတူရေးဆိုင်ရာကော်မတီ

**နောက်ဆက်တွဲ (ဂ)** ဇယား၁။ ကရင်နီပြည်တစ်ခုလုံးဆိုင်ရာဂျန်ဒါမူဝါဒ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများဆိုင်ရာမူဘောင်

**နောက်ဆက်တွဲ(ဃ)** ကရင်နီပြည်နှင့် မြန်မာနိုင်ငံအတွင်း ဂျန်ဒါကြောင့်ဖြစ်သည့် အာဏာ၊ ခုခံတွန်းလှန်မှုနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်ကို ဖွဲ့စည်းပုံ ဆိုင်ရာပြုပြင်ပြောင်းလဲမှုဖြင့် မြင့်တင်ခြင်း

**နောက်ဆက်တွဲ (င)** အရင်းအမြစ်များ

**နောက်ဆက်တွဲ (စ)** ဂျန်ဒါဆိုင်ရာဝေါဟာရများ (အသုံးအနှုန်းနှင့် အယူအဆများဖွင့်ဆိုချက်)

**နောက်ဆက်တွဲ (ဆ)** မူဘောင် အခန်း (၇) တွင်ဖော်ပြထားသော အရင်းအမြစ်လျာထားချက်နှင့် သတ်မှတ်ချက်များဆိုင်ရာ ဥပမာရှင်းလင်းချက်များ

# နောက်ဆက်တွဲ (က) ကရင်နီပြည်အတွင်းရှိ ဂျန်ဒါအာဏာအခြေအနေ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

## ခုခံတွန်းလှန်ခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ အမြစ်တွယ်လာသော ဖိုဝါဒကြီးစိုးမှုများ

၁။ ကရင်နီပြည်အတွင်း ဂျန်ဒါအာဏာခွဲခြမ်းစိတ်ဖြာလေ့လာမှုတစ်ရပ် ပြုလုပ်ရာတွင် အတိုက်အခံပြုခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်းနှင့် အမြစ်တွယ်နေသည့် ဖိုဝါဒကြီးစိုးမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုများသည် အပြန်အလှန်ရှုပ်ထွေးစွာ ဆက်စပ်နေကြောင်းတွေ့ရှိရသည်။ ကရင်နီပြည်အတွင်းရှိ အမျိုးသမီးများသည် လက်နက်ကိုင်တော်လှန်ရေးတွင် တက်ကြွစွာ ပါဝင်သူများဖြစ်သကဲ့သို့ ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ကို ရင်ဆိုင်ကိုင်တွယ်ရာတွင် အခရာကျသူများဖြစ်ကြပြီး စနစ်ပြောင်းလဲမှုအတွက်ထောက်ခံသူများလည်းဖြစ်ကြသည်။ သို့ရာတွင် ဤခွဲခြမ်းစိတ်ဖြာလေ့လာမှုကို မြန်မာပြည်တစ်ခုလုံးအတိုင်းအတာ၏ အာဏာခွဲခြမ်းစိတ်ဖြာလေ့လာမှုအား ဂျန်ဒါနှင့်အလွှာ ပေါင်းစုံမှခွဲခြားဖိနှိပ်မှုများဆုံနေသော အခြေအနေ (Intersectional) မှတဆင့် ကျယ်ပြန့်စွာဆက်စပ်အခြေတည်ထားရမည်။ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရှုထောင့်များတွင် အာဏာကိုမည်သို့ဖြန့်ကျက်ထားသည်၊ မည်သို့ကျင့်သုံးနေသည်ဆိုသည်ကို ဆန်းစစ်ရန်နှင့် ယင်းယှဉ်ပြိုင်အားများက အမျိုးသားများထက် အမျိုးသမီးများပေါ် မည်သို့ကွဲပြားစွာ အကျိုးသက်ရောက်စေသည်ဆိုသည်ကို ဆန်းစစ်ရန်လိုအပ်သည်။

## မြန်မာပြည်ရှိ ဂျန်ဒါအာဏာယှဉ်ပြိုင်အားများ

### နိုင်ငံရေးအာဏာ

၂။ လက်ရှိတွင်ဖျက်သိမ်းခံရသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် တပ်မတော်သား ၂၅ % သည် လွှတ်တော်အမတ်နေရာများရရှိကြပြီး နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စစ်တပ်နှင့် ဖိုဝါဒလွှမ်းမိုးမှုကို အမြစ်တွယ်နေစေသည်။ သမိုင်းတစ်လျှောက်တွင် အမျိုးသမီးများလွှတ်တော်တွင်ပါဝင်မှုသည် နည်းပါးနေပြီး ၂၀၂၀ ရွေးကောက်ပွဲတွင်လည်း အမျိုးသမီးများသည် လွှတ်တော်အမတ်နေရာ ၁၆. ၈၃ ရာခိုင်နှုန်းသာ ရရှိကြသည်။ သို့သော်ငြားလည်း အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် အမျိုးသမီးများ၏ ဦးဆောင်မှုမှာ ၆၀ ရာခိုင်နှုန်းရှိပြီး ဒီမိုကရေစီတော်လှန်ရေးနှင့် အသွင်ပြောင်းရေးတွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်နေသည်။

## စီးပွားရေးအာဏာ

၃။ အမျိုးသမီးများသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် လုပ်အားခသိသာစွာ ကွာဟမှုများနှင့် အသက်မွေးလုပ်ငန်းမြှင့်တင်ရေးအတွက် အခွင့်အလမ်းနည်းပါးမှုများကို ရင်ဆိုင်နေကြရသည်။ အများစုသည် ဝမ်းစာဖူလုံရုံသာရှိသည့်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရပြီး မြေယာပိုင်ဆိုင်မှု မဆိုသလောက်သာရှိကြပြီး လူမှုရေးအရ အကာအကွယ်ပေးမှုများကို ကောင်းစွာလက်လှမ်းမမီကြသေးပါ။ စစ်အာဏာသိမ်းမှုကြောင့် အမျိုးသမီးများအတွက် စီးပွားရေးအခြေအနေများဆိုးရွားလာပြီး မိသားစုတွင်း ဝင်ငွေလျော့နည်းလာကာ အစာရေစာမလုံလောက်မှုများတိုးလာနေသည်။

## လူမှုရေးနှင့်ယဉ်ကျေးမှု အာဏာ

၄။ အမြစ်တွယ်နေသည့်လူမှုရေးသတ်မှတ်ချက်များကြောင့် အမျိုးသမီးများက အိမ်မှုကိစ္စတာဝန်များကိုလုပ်ဆောင်ကြရပြီး အများပြည်သူပါဝင်မှု အခွင့်အလမ်းများတွင်လည်း မပါဝင်နိုင်ကြဘဲ ကန့်သတ်ချက်များရှိနေသည်။ အမျိုးသမီးများသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ဘေးအန္တရာယ်များ မြင့်မားစွာကြုံတွေ့နေရပြီး၊ အများသူငါကြားတွင်လည်းကောင်း၊ မိမိတို့နေအိမ်တွင်လည်းကောင်း လုံခြုံမှုရှိသည်ဟု မခံစားကြရကြောင်း ဖွင့်ဟပြောဆိုကြသည်။ ရိုဟင်ဂျာကဲ့သို့ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများသည် ဂျန်ဒါ၊ လူမျိုးရေးနှင့် ဘာသာတရားတို့ကြောင့် ဖိနှိပ်မှုများကိုလည်း ထပ်မံခံစားကြရသေးသည်။

## ခုခံတွန်းလှန်အားနှင့် လုပ်ဆောင်နိုင်စွမ်း

၅။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကဲ့သို့သော အဖွဲ့အစည်းများသည် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ဒီမိုကရေစီပြောင်းလဲရေးများအတွက် အောက်ခြေအဆင့်တွင် ရပ်တည်ပြောဆိုပေးမှုများတွင် အဓိကကျသည့်အဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံတကာအဆင့်တွင် စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် ထိုအဖွဲ့အစည်းများသည် နိုင်ငံရေးခေါင်းဆောင်များ အနေဖြင့် တရားမျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထည့်သွင်းလာကြစေရန် ဖိအားပေးသည့်အပြင် ယင်းအဖွဲ့အစည်းများက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် တိုင်းရင်းသားလူမျိုးစုများအပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းကဲ့သို့သော ပြဿနာများကို အသားပေးပြောဆိုကြသည်။ ထို့ပြင် ကရင်နီပြည်အတွင်းရှိ အမျိုးသမီးအဖွဲ့အစည်းများ ပါဝင်သော အမျိုးသမီးအင်အားစုသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများ (GBV) မှ အမျိုးသမီးများကို အကာအကွယ်ပေးရန် လိုအပ်သည့်အစီအမံများလိုအပ်မှုအခြေအနေများနှင့် နိုင်ငံရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများဆုံးဖြတ်ချက်ချသည့်နေရာများတွင် အဓိပ္ပါယ်ပြည့်ဝသောပါဝင်မှုများရှိစေရန် တစိုက်မတ်မတ်အရေးဆိုခဲ့ကြသည်။

## ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) ကို နိုင်ငံရေးလက်နက်တစ်ခုသဖွယ် အသုံးချခြင်း

## ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) ကို ထိန်းချုပ်မှုစနစ်တစ်ခုသဖွယ် အသုံးချခြင်း

၆။ မြန်မာနိုင်ငံတွင် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများ (GBV) သည် တကိုယ်ရည် တကာယ ပုဂ္ဂိုလ်ရေးကျူးလွန်မှုအဆင့်ထက် ကျော်လွန်ပြီး နိုင်ငံရေးအရစနစ်တကျ လုပ်ယူ ဖန်တီးထားသကဲ့သို့ဖြစ်နေသည်။ တပ်မတော်အနေဖြင့် ပဋိပက္ခကာလတွင် တိုင်းရင်းသား နယ်မြေများကို ကျူးကျော်ရာတွင်လည်းကောင်း၊ မတည်မငြိမ်ဖြစ်စေရန်အတွက်လည်းကောင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို လက်နက်တစ်ခုသဖွယ် အသုံးပြုခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

## ဂျန်ဒါအခြေပြု အကြမ်းဖက် (GBV) မှုတစ်ဆင့် ကျင့်သုံးလျက်ရှိသော ပါဝါမညီမျှ ခြင်းများ

## ယဥ်ကျေးမှုအရနှုတ်ဆိတ်နေခြင်းနှင့် ကဲ့ရဲ့သမုတ်ခံရခြင်း

၇။ ရှင်သန်ကျန်ရစ်သူများသည် ရှက်ရွံ့ခြင်း၊ ကြောက်ရွံ့ခြင်း သို့မဟုတ် ၎င်းတို့အပေါ် အထောက်အကူပေးသည့်အဖွဲ့အစည်းများမရှိခြင်းတို့ကြောင့် အများအားဖြင့်နှုတ်ဆိတ်နေကြ သည်က ဖိုဝါဒကြီးစိုးထိန်းချုပ်မှု အမြစ်တွယ်နေသည်ကို ပြသနေခြင်းဖြစ်သည်။

## ဥပဒေရေးရာနှင့် အဆောက်အအုံယန္တရားများ၏ ပျက်ကွက်မှုများ

၈။ (အထူးသဖြင့် အာဏာပိုင်များမှ) အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လက်လွတ် စပယ် ပြစ်မှုကျူးလွန်နေမှုများကို ကိုင်တွယ်ဖြေရှင်းသည့် ဘက်စုံပြည့်ဝသည့် တရားဥပဒေ ဆိုင်ရာမူဘောင် မရှိသည့် အတွက် ၎င်းတို့ကို ကာကွယ်ပေးရမည့်အစား စနစ်ကိုယ်တိုင်က ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ကျူးလွန်နေသည်ဖြစ်သည့်အတွက် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) များ အဓွန့်ရှည်နေရသည်။

## အလွှာပေါင်းစုံမှခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေကြောင့် ဖြစ်ပေါ်လာသောသက် ရောက်မှုများ

၉။ တိုင်းရင်းသားလူနည်းစုအမျိုးသမီးများသည် နေရပ်စွန့်ခွာရခြင်း၊ တိုင်းမဲ့ပြည်မဲ့ဖြစ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးစားအပြုခံရခြင်း၊ စနစ်တကျဖယ်ကျဉ်ခံရခြင်းစသည့် အကြမ်းဖက်မှုပေါင်းစုံကို ရင်ဆိုင်နေရသည့်အတွက် အာဏာတည်ဆောက်ဖွဲ့စည်းပုံအရ ၎င်းတို့၏ ဝိသေသလက္ခဏာများသည် ဖယ်ကျဉ်ခံကြရကြောင်း ဖော်ပြနေသည်။

## အမျိုးသမီးမှုပါဝင်မှုအတွက် အဟန့်အတားဖြစ်နေသော ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများ (GBV)

၁၀။ အကြမ်းဖက်မှုများ စဉ်ဆက်မပြတ်ရှိနေခြင်းကလည်း အမျိုးသမီးများ၏နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးတွင်ပါဝင်မှုကို ကန့်သတ်သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်စစ်ဝါဒအားကောင်းလာခြင်းနှင့် လုံခြုံရေးစောင့်ကြည့်ခံရခြင်းများကြောင့် အဆိုပါအခက်အခဲများကို ပိုမိုဆိုးရွားစေသည်။

## အမျိုးသမီးများ၏ ခုခံအားနှင့် မှတ်တမ်းပြုစုနိုင်မှုများ

၁၁။ သိသာထင်ရှားသည့်အန္တရာယ်များရှိသော်ငြားလည်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် ရိုဟင်ဂျာအမျိုးသမီးများအစုအဖွဲ့ကဲ့သို့သော အမျိုးသမီးဦးဆောင်သည့် ကွန်ရက်များတို့က အလွဲသုံးစားပြုခံရမှုများကို သတ္တိရှိစွာပင် မှတ်တမ်းတင်နိုင်ခဲ့သည်။ ကရင်နီတွင်ရှိသော အမျိုးသမီးအဖွဲ့အစည်းများမှ လည်း အမျိုးသမီးများအခွင့်အရေးချိုးဖောက်ခံနေရသည့် အခြေအနေများကို ဆက်တိုက်မှတ်တမ်းတင်လျက်ရှိသည်။ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်လှုပ်ရှားသူများသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ တရားဥပဒေပြုပြင်ပြောင်းလဲမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေး စသည်တို့ကို ဦးဆောင်လှုပ်ရှားရင်းဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ကို ပိုမိုကျယ်ပြန့်သည့် ပါဝါအားများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကြိုးပမ်းချက်များနှင့် ချိတ်ဆက်နိုင်ရေးအတွက် ဦးဆောင်လှုပ်ရှားနေကြသည်။

xxx

## နောက်ဆက်တွဲ (ခ) ကရင်နီပြည်အမျိုးသမီးနှင့်ဂျန်ဒါတန်းတူရေးဆိုင်ရာ ကော်မတီ (The Karenni State Committee for Women and Gender Equality- CWGE)

၁။ ကရင်နီပြည်အမျိုးသမီးနှင့် ဂျန်ဒါတန်းတူရေးဆိုင်ရာကော်မတီ (CWGE) သည် ဂျန်ဒါမူဝါဒမူဘောင်အကောင်အထည်ဖော်ဆောင်မှုအနေအထားကို ကြီးကြပ်ရမည်ဖြစ်ပြီး အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂျန်ဒါတန်းတူရေးကို ကဏ္ဍတိုင်းတွင်ထည့် သွင်းနိုင်ရေးကို လုပ်ဆောင်နိုင်ရန်အတွက်အဓိကကျသည့် အခန်းကဏ္ဍတွင်တာဝန်ယူရမည့် ပြည်နယ်အဆင့်ကော်မတီဖြစ်သည်။ အဆိုပါကော်မတီသည် အုပ်ချုပ်ရေးကောင်စီမှ မူဝါဒများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများတွင် လိုအပ်သည့်နည်းပညာများပံ့ပိုးခြင်း၊ အကြံပေးခြင်းများ ကိုလိုအပ်သလို လုပ်ဆောင်ပေးရမည်။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးမှ ဦး ဆောင်သည့် အမျိုးသမီးနှင့်ဂျန်ဒါတန်းတူရေးဆိုင်ရာကော်မတီကို ဌာနဆိုင်ရာတာဝန်ခံများနှင့် အတူ ဂျန်ဒါရေးရာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းအဆိုပြုပြီး ပြည်နယ်အတိုင်ပင်ခံကောင် စီမှ အတည်ပြုပေးရမည်။

### ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် သက်တမ်း

### မူဘောင်ကြီးကြပ်ရေးကော်မတီ

၂။ မူဘောင်ကြီးကြပ်ရေးကော်မတီကို အဓိကဦးဆောင်သူသည် ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်အမျိုးသမီး (သို့မဟုတ်) အမျိုးသားဖြစ်ရမည်။

၃။ အဆိုပါ မူဘောင်ကြီးကြပ်ရေးကော်မတီခေါင်းဆောင်မှ ဆက်လက်ပြီး အဖွဲ့ဝင် (၃) ဦးထက်မနည်း (၅) ဦး ထက်မပိုသော အဖွဲ့ဝင်များဖြင့် ကော်မတီကိုဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်၏ သဘောတရားနှင့် ချိတ်ဆက်လုပ်ဆောင်မှုအားကောင်းစေရေး၊ အပြန်အလှန်သိနားလည်မှုနှင့် ပံ့ပိုးမှုပိုမိုထိရောက်စေရေးကိုရှေးရှုပြီး အုပ်ချုပ်ရေးကောင်စီ၏ အတွင်းရေးမှူးအဖွဲ့မှ သင့်တော်သည့် အဖွဲ့ဝင်တစ်ဦး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဝန်ကြီးဌာန၊ ဝန်ကြီးတို့အပါအဝင် ပြည်နယ်လွှတ်တော်မှ ဂျန်ဒါရေးရာကော်မတီဝင်တစ်ဦးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ သင့်တော်သည့် ကိုယ်စားလှယ်တစ်ဦးဖြင့် ဖွဲ့စည်းရမည်။

၄။ မူဘောင်ကြီးကြပ်ရေးကော်မတီသည် မူဘောင်၏အဓိကရည်ရွယ်ချက်ဖြစ်သော ကရင်နီ လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဖိနှိပ်ဆက်ဆံခြင်းများကို လျှော့ချနိုင်ရေးလိုအပ်နေသည့် တိုးတက်ကောင်းမွန်သော အပြောင်းအလဲများရှိလာစေရန် ကောင်းမွန်သော ကျား၊ မ ရေးရာ မူဝါဒများကို ရေးဆွဲချမှတ်နိုင်ရန်၊ ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များတွင်လည်း အမျိုးသမီး၊ အမျိုးသားများ၏ သက်ဆိုင်ရာအခန်းကဏ္ဍ ဖော်ထုတ်နိုင်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်တွင် အမျိုးသမီး၊ အမျိုးသားများတန်းတူပါဝင်နိုင်ရန် စသည်တို့ကို အကောင်အထည် ဖော်နိုင်ရေး ဦးဆောင်မှုပေးရမည်။

၅။ မူဘောင်ကြီးကြပ်ရေးကော်မတီအနေဖြင့် မူဝါဒများနှင့် မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများသည် မူဘောင်မှချမှတ်ထားသည့်အတိုင်း ညီညွတ်မှုရှိမရှိဆန်းစစ် ခြင်း၊ အကြံပြုလမ်းညွှန်ခြင်းများကို လုပ်ဆောင်ရမည်။

၆။ မူဘောင်ကြီးကြပ်ရေးကော်မတီသည် ကရင်နီလူ့အဖွဲ့အစည်းအတွင်း မှီတင်းနေထိုင် ကြသောလူထုအားလုံး၏ ဂျန်ဒါတန်းတူရည်တူဖြစ်မှုနှင့် ၎င်းတို့၏တန်းတူပါဝင်မှုဖြင့် တရား မျှတ၍ သာယာဝပြောသော ကရင်နီလူ့အဖွဲ့အစည်းတည်ဆောက်ခြင်းဟူသောမူဘောင်၏ ရည် မှန်းချက်နှင့်အညီ ဂျန်ဒါတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကရင်နီပြည်တွင်းရှိ အမျိုး သမီးများအခြေအနေညွှန်းပြသည့် နှစ်စဉ်အစီရင်ခံစာများကို လက်ခံဆန်းစစ်ပြီး လိုအပ်သည့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးရမည်။

၇။ မူဘောင်ကြီးကြပ်ရေးကော်မတီမှ ဂျန်ဒါတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကရင်နီပြည်တွင်းရှိ အမျိုးသမီးများ၏ ဘဝတိုးတက်မှုအခြေအနေနှင့်ပတ်သက်ပြီး နှစ်စဉ် ကရင်နီပြည်သူလူထုထံသို့ အစီရင်ခံရမည်။

## ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ မူဝါဒရေးဆွဲအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

၈။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီသည် ကရင်နီပြည်နယ်တစ်ခုလုံးတွင်းရှိ မူဝါဒများအား ရေးဆွဲရေးနှင့် မူဝါဒများအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရေးဆိုင်ရာ ဘတ်ဂျက်မူဝါဒကိုပါ ရေးဆွဲရန်တာဝန်အရှိဆုံးအဖွဲ့ဖြစ်သည်။ ပြည်နယ်တစ်ခုလုံးဆိုင်ရာမူဝါဒများအားလုံးကို ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ကက်ဘိနက်အဖွဲ့မှအတည်ပြုပြီး ပြည်နယ်လွှတ်တော်သို့ တင်သွင်းအသက်ဝင်စေသည်။ ထို့နောက် သက်ဆိုင်ရာအုပ်ချုပ်ရေးကောင်စီ၏ ဝန်ကြီးဌာနများ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်း ဖြစ်သည်။

၉။ ထို့ကြောင့် ပြည်နယ်အုပ်ချုပ်ရေးကောင်စီသည် မူဘောင်ဖော်ဆောင်ရေးအတွက် အဓိကတာဝန်ရှိသောအဖွဲ့အစည်းဖြစ်သည်။ ဂျဲန်ဒါမူဝါဒကိုရေးဆွဲပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြကာ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ရမည်။ ထိုသို့ လုပ်ဆောင်ရာတွင် လုပ်ငန်းမြန်ဆန်ထိရောက်မှုရှိစေရန် မူဝါဒဖော်ဆောင်ရေးအဖွဲ့ဖြစ်သော အမျိုးသမီးနှင့် ဂျဲန်ဒါတန်းတူရေးဆိုင်ရာ ကော်မတီကို ဖွဲ့စည်းလုပ်ဆောင်ရမည်။

၁၀။ မူဝါဒအကောင်အထည်ဖော်ဆောင်ရေးကော်မတီခေါင်းဆောင်သည် ပြည်နယ် အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးဖြစ်သည်။ အဆိုပါခေါင်းဆောင်မှ ဌာနဆိုင်ရာဂျဲန်ဒါ တာဝန်ခံ (focal) များအပါအဝင် အခြားသင့်တော်သော ကော်မတီဝင်များကိုရွေးချယ် အဆိုပြုပြီး ပြည်နယ်အုပ်ချုပ်ရေးကောင်စီက အတည်ပြုပေးရမည်။

၁၁။ မူဝါဒအကောင်အထည်ဖော်ဆောင်ရေးကော်မတီ၏သက်တမ်းသည် ပြည်နယ် အုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းကဲ့သို့ဖြစ်သည်။

## အမျိုးသမီးနှင့်ဂျဲန်ဒါတန်းတူရေးဆိုင်ရာကော်မတီ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်

၁၂။ အမျိုးသမီးနှင့်ဂျဲန်ဒါတန်းတူရေးဆိုင်ရာကော်မတီကို ပြည်နယ်အုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူးက ဦးဆောင်ပြီး ကျွမ်းကျင်ပညာရှင် (Expert-Professionals) နှင့်အတူဌာန ဆိုင်ရာဂျဲန်ဒါရေး ရှေ့ဆောင်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်။

၁၃။ ကော်မတီအဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) ဂျဲန်ဒါရေးရာ၊ အမျိုးသမီးရေးရာ၊ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဘာသာရပ်များ သို့မဟုတ် ၎င်းဘာသာရပ်များနှင့် ပက်သက်စပ်လျဉ်းသည့် ဘာသာတစ်ခုခုဖြင့်ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) ဂျဲန်ဒါရေးရာ၊ အမျိုးသမီးရေးရာ၊ ဥပဒေနှင့်လူ့အခွင့်စသည့်နယ်ပယ်များအတွင်း တစ်ခုမဟုတ်တစ်ခုတွင် လုပ်သက်နှင့်လုပ်ငန်းအတွေ့အကြုံ (၅) နှစ်ထက်မနည်း ရှိသူဖြစ်ရမည်။

(ဂ) အင်္ဂလိပ်စာအပြင် ကရင်နီပြည်အတွင်းအသုံးပြုသော ဘာသာစကားတစ်ခုခုကို အရေးအဖတ်နှင့်အပြော နားလည်တတ်ကျွမ်းသူဖြစ်ရမည်။

(ဃ) ကော်မတီသည် ပြည်နယ်အတိုင်ပင်ခံကောင်စီထံတင်ပြမည့် ဂျဲန်ဒါနှင့်အမျိုးသမီးများဆိုင်ရာ အစီရင်ခံစာကိုပြင်ဆင်ပေးရန် တာဝန်ရှိသည်။

(င) ကော်မတီ၏သက်တမ်းသည် ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းဖြစ်သည်။

(စ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီဝင်များအပေါ် သက်ရောက်မှုရှိသော ဥပဒေများအားလုံးသည် အမျိုးသမီးနှင့်ဂျဲန်ဒါတန်းတူရေးဆိုင်ရာကော်မတီအပေါ် အကျုံးဝင်မှုရှိသည်။

## လုပ်ငန်းတာဝန်များ

၁၄။ ကော်မတီအဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်-

(က) မူဘောင်ပါပြဋ္ဌာန်းချက်အတိုင်း ကရင်နီပြည်နယ်၏ ဂျဲန်ဒါမူဝါကိုရေးဆွဲခြင်းနှင့် ပြည်နယ်လွှတ်တော်မှ မူဝါဒကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် စနစ်တကျလုပ်ဆောင်ခြင်း၊

(ခ) ဝန်ကြီးဌာနများအတွင်း ဂျဲန်ဒါရေးအစဉ်တစိုက်ထည့်သွင်းစဉ်းစားဆွေးနွေးမှုများရှိစေရန် စနစ်တကျလုပ်ဆောင်ခြင်း၊

(ဂ) ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများအားလုံးဂျဲန်ဒါမူဝါဒကို အလေးထားအကောင်အထည်ဖော်စေခြင်းငှာ အစဉ်တစိုက်လုပ်ဆောင်ခြင်း၊

(ဃ) မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများလိုအပ်သည့် သတင်းအချက်အလက်များ၊ အထူးသဖြင့် ဘတ်ဂျက်ဆိုင်ရာအချက်အလက်နှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရေး အလေးထားဆောင်ရွက်ရန်၊

(င) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုအကြား၊ ဝန်ကြီးဌာနများနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းနှင့် အဆောက်အအုံများအကြား ချိတ်ဆက်ဆောင် ရွက်မှုဆိုင်ရာယန္တရားများတည်ဆောက်ပြီး အဆိုပါယန္တရားများ၏ ထိရောက်မှုနှင့်အကျိုးရလဒ်များကို အစဉ်တိုင်းထွာနိုင်သည့် နည်းစနစ်များထားရှိရန်နှင့်၊

(စ) လိုအပ်သည့်အခါတိုင်းတွင် ကက်ဘိနက်မှ ဆွေးနွေးအတည်ပြုပေးနိုင်ရန် မူဝါဒနှင့် ပြဋ္ဌာန်းချက်များဆိုင်ရာအကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန်။

## ပြည်နယ်လွှတ်တော်၏ဂျန်ဒါမူဝါဒမူဘောင်ဆိုင်ရာအခန်းကဏ္ဍ၊ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ

၁၅။ ဥပဒေပြုပိုင်ခွင့်အာဏာရှိခြင်းကြောင့် ပြည်နယ်လွှတ်တော်၏အခန်းကဏ္ဍသည် ဂျန်ဒါ တန်းတူရေးနှင့် အမျိုးသမီးများဘဝဘက်စုံတိုးတက်ရေးတို့တွင် အလွန်အရေးပါလှသည်။ ပြည်နယ်လွှတ်တော်တွင်း မူဘောင်ပါရည်မှန်းချက်များပြည့်ဝ အကောင်အထည်ဖော်နိုင်ရေးကို ရေးရှုလျက်စောင့်ကြပ်ကြည့်ရှုသည့် ပူးတွဲကော်မတီများဖွဲ့ခြင်းဖြင့် လွှတ်တော်မှပြဋ္ဌာန်းသော ဥပဒေများသည် ဂျန်ဒါကိုအလေးထားခြင်း၊ ဂျန်ဒါတန်းတူရေးကို ထည့်သွင်းစဉ်းစားခြင်းများ ဖြစ်စေနိုင်သည်။

၁၆။ ပြဋ္ဌာန်းဥပဒေများဖြင့် လွတ်လပ်သောကော်မရှင်များဖွဲ့စည်းကာ ဂျန်ဒါရေးနှင့် တန်းတူရေးကို ဟန်ချက်ညီလုပ်ဆောင်နိုင်သည်။

၁၇။ ပြဋ္ဌာန်းဥပဒေများဖြင့်ဖွဲ့စည်းသော လွတ်လပ်သောကော်မရှင်များမှာ ဥပမာ - မြေယာကော်မရှင်၊ ဂျန်ဒါတန်းတူရေးကော်မရှင်၊ လူ့အခွင့်အရေးကော်မရှင်၊ ရွေး ကောက်ပွဲကော်မရှင်၊ ဥပဒေရေးရာကော်မရှင်၊ လူနည်းစုများရေးရာကော်မရှင် စသည်တို့ဖြစ်သည်။

## ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာအဆောက်အအုံ

၁၈။ ပြည်နယ်ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များနှင့်အညီ ဒေသန္တရအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ရာတွင် လူ့အခွင့်အရေး၊ လူနည်းစုများအခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို ခွဲခြားဆက်ဆံမှုမရှိပဲ တန်းတူရေးကို ရေးရှုအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အစိုးရနှင့်မဆိုင်သောလူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ဂျန်ဒါရေးရာလုပ်ဆောင်နေ သော အဖွဲ့အစည်းများ

၁၉။ မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရနှင့်မဆိုင်သော လူမှုအဖွဲ့အစည်းများ (NGO)၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ဂျန်ဒါရေးရာလုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ထို့ပြင် ဂျန်ဒါတန်းတူရေးအတွက် နိုင်ငံတကာသဘောတူညီချက်များဖြစ်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ကြေညာချက်အမှတ်များဖြစ်သော ၁၃၂၅၊ ၁၈၂၀၊ ၁၈၈၈၊ ၁၈၈၉၊ ၁၉၆၀၊ ၂၁၀၆၊ ၂၁၂၂၊ ၂၂၄၂ နှင့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (စီဒေါ) ပါအချက်အလက်များကို ပေါင်းစပ်ညှိနှိုင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## နောက်ဆက်တွဲ (ဂ) ဇယား၁။ ကရင်နီပြည်တစ်ခုလုံးဆိုင်ရာဂျန်ဒါမူဝါဒ၏ နိုင်ငံရေးအဆောက်အအုံယန္တရားများဆိုင်ရာ မူဘောင်

| အင်စတီကျူးရှင်းများ (Institutions) | အခန်းကဏ္ဍနှင့်လုပ်ငန်းတာဝန်များ (Roles & Responsibilities) | လုပ်ပိုင်ခွင့်အာဏာများ (Mandate) | တာဝန်ခံမှုအဆင့်ဆင့် (Line of Accountability) |
|---|---|---|---|
| မူဘောင်ကြီးကြပ်ရေးအဖွဲ့<br>The Karenni State Consultative Council | ဂျန်ဒါမူဝါဒမူဘောင်ရေးဆွဲချမှတ်သည့် အဓိကမဏ္ဍိုင်ဖြစ်သည်။ မူဘောင်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိသည်။ ထို့အတူ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့်ဖြစ်ပေါ်တိုးတက်မှုအဆင့်ဆင့်ကို စောင့်ကြည့်ဆန်းစစ်ရန် တာဝန်ရှိသည်။<br>၁။ မူဘောင်ကြီးကြပ်ရေးကော်မတီကို အဓိကဦးဆောင်သူသည် ပြည်နယ် အတိုင်ပင်ခံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် အမျိုးသမီး (သို့မဟုတ်) အမျိုးသား ဖြစ်ရမည်။<br>၂။ အဆိုပါ မူဘောင်ကြီးကြပ်ရေးကော်မတီ ခေါင်းဆောင်မှ ဆက်လက်ပြီး အဖွဲ့ဝင် (၃)ဦး ထက်မနည်း (၅)ဦးထက် မပိုသော အဖွဲ့ဝင်များဖြင့် ကော်မတီကို ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်၏ သဘောတရားနှင့် ချိတ်ဆက်လုပ်ဆောင်မှု အားကောင်းစေရေး၊ အပြန်အလှန် သိနားလည်မှု နှင့် ပံ့ပိုးမှုပိုမိုထိရောက်စေရေးကို ရှေးရှုပြီး | မူဘောင်ကိုပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါကပြင်ဆင်ခြင်း၊ မူဘောင်ပါရှိသည့် ရှုယ်ချက်များကိုအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောလွှတ်လပ်သည့် ကော်မရှင်များဖွဲ့စည်းပေးခြင်း၊ | ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ထိုဖွဲ့စည်းပုံတွင် ပါဝင်သော အမျိုးသမီးနှင့်ဂျန်ဒါ တန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ။<br><br>ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလ) |

| | | | |
|---|---|---|---|
| | အုပ်ချုပ်ရေးကောင်စီ၏အတွင်းရေးမှူးအဖွဲ့မှ သင့်တော်သည့် အဖွဲ့ဝင်တစ်ဦး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဝန်ကြီးဌာန ဝန်ကြီး တို့အပါအဝင် ပြည်နယ်လွှတ်တော်မှဂျန်ဒါရေးရာ ကော်မတီဝင်တစ်ဦးနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ သင့်တော်သည့် ကိုယ်စားလှယ်တစ်ဦးဖြင့် ဖွဲ့စည်းရမည်။<br>၃။ မူဘောင်ကြီးကြပ်ရေးကော်မတီသည် မူဘောင်၏အဓိက ရည်ရွယ်ချက်ဖြစ်သော ကရင်နီလူ့အဖွဲ့အစည်းအတွင်း ခွဲခြားဖိနှိပ်ဆက်ဆံခြင်းများကိုလျှော့ချနိုင်ရေး လိုအပ်နေသည့် တိုးတက်ကောင်းမွန်သော အပြောင်းအလဲများရှိလာစေရန်၊ ကောင်းမွန်သော ကျား၊မရေးရာ မူဝါဒများကို ရေးဆွဲချ မှတ်နိုင်ရန်၊ ပဋိပက္ခဖြေရှင်း ရေးလုပ်ငန်းစဉ်များတွင်လည်း အမျိုးသမီး၊ အမျိုးသားများ၏ သက်ဆိုင်ရာအခန်းကဏ္ဍ ဖော်ထုတ်နိုင်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အမျိုးသမီး၊ အမျိုးသားများ၏ တန်းတူပါဝင်နိုင်ရန် စသည်တို့ကို အကောင်အထည်ဖော်နိုင်ရေး ဦးဆောင်မှုပေးရမည်။<br>၄။ မူဘောင်ကြီးကြပ်ရေးကော်မတီအနေဖြင့် မူဝါဒများနှင့် မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းများသည် မူဘောင်မှချမှတ်ထားသည့်အတိုင်း ညီညွတ်မှုရှိမရှိဆန်းစစ်ခြင်း၊ အကြံပြုလမ်းညွှန်ခြင်းများကို လုပ်ဆောင်ရမည်။ | | |

| | | | |
|---|---|---|---|
| | ၅။ မူဘောင်ကြီးကြပ်ရေးကော်မတီသည် ကရင်နီ လူ့အဖွဲ့အစည်းအတွင်း မှီတင်းနေထိုင်ကြသော အမျိုးသမီးအမျိုးသားအားလုံး၏ တန်းတူရည်တူ ဖြစ်မှုနှင့် ၎င်းတို့၏ တန်းတူပါဝင်မှုဖြင့် တရားမျှတ၍ သာယာဝပြောသော ကရင်နီလူ့အဖွဲ့အစည်း တည်ဆောက်ခြင်းဟူသော မူဘောင်၏ရည်မှန်း ချက်နှင့်အညီ ဂျန်ဒါတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကရင်နီပြည်တွင်းရှိ အမျိုးသမီးများအခြေအနေညွှန်းပြသည့် နှစ်စဉ်အစီရင်ခံစာများကို လက်ခံဆန်းစစ်ပြီးလိုအပ်သည့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးရမည်။<br>၆။ မူဘောင်ကြီးကြပ်ရေးကော်မတီမှ ဂျန်ဒါတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကရင်နီပြည်တွင်းရှိ အမျိုးသမီးတိုးတက်မှုအခြေအနေနှင့်ပတ်သက်ပြီး နှစ်စဉ်ကရင်နီပြည်သူလူထုထံသို့ချပြအစီရင်ခံသည့် ကရင်နီပြည်တွင်း အခြေအနေအစီရင်ခံစာတွင်းတွင် ထည့်သွင်းရမည်။ (State of the Karenni State) | | |
| မူဝါဒအဆိုပြုရေးနှင့်ရေးဆွဲချမှတ်ရေးအဖွဲ့ -<br>The Karenni State Executive Council (IEC) | IEC ၏ အဓိကအခန်းကဏ္ဍမှာ ရသုံးမှန်းခြေငွေစာရင်းအပါအဝင် မူဝါဒများအားလုံးကို KSCC နှင့် ကြားကာလလွှတ်တော်တွင် အတည်မပြုမီကာလတွင် ပြည်နယ်၏မူဝါဒများကို ရေးဆွဲသည့် အခန်းကဏ္ဍကို တာဝန်ယူရန်ဖြစ်သည်။ | မူဝါဒများကို ရေးဆွဲရန်အတွက် မူဘောင်မှ လမ်းညွှန်ထားသော<br>၁။ ပြည်နယ်၏ ဂျန်ဒါမူဝါဒကို ရေးဆွဲရမည်။ | ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ထိုဖွဲ့စည်းပုံတွင် ပါဝင်သောအမျိုးသမီးနှင့် ဂျန်ဒါတန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ။ |

| | | | |
|---|---|---|---|
| | ၁။ မူဘောင်တွင်းပြဋ္ဌာန်းထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်မည့် မဟာဗျူဟာကိုမူဝါဒတွင်း ထည့်သွင်းရေးဆွဲရန်၊<br>၂။ မူဘောင်ပါရည်မှန်းချက်များနှင့် မူဝါဒကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဂျန်ဒါဘတ်ဂျက်ပြင်ဆင်ခြင်းကိုမူဝါဒတွင်း ထည့်သွင်းရေးဆွဲရန်၊<br>၃။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ ဦးစီးဌာနအားလုံးမှတဆင့် ဂျန်ဒါအလေးထားသည့် အလေ့အထအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်သွား နိုင်မည့် မူဝါဒကိုရေးဆွဲရန်၊ | ၂။ မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တဆင့် ဂျန်ဒါမူဝါဒကို အကောင်အထည်ဖော်ရမည်။<br>၃။ အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါတန်းတူရေးအတွက် အာမခံချက်ရှိသော ဥပဒေအသစ်များ အဆိုပြုရမည်။ | ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလ)ကရင်နီပြည် ဂျန်ဒါမူဝါဒမူဘောင် |
| မူဝါဒအကောင်အထည် ဖော်ဆောင်ရွက်ရေးကော်မတီ<br>The Karenni State Committee for Women and Gender Equality (CWGE) | ၁။ အဓိကအခန်းကဏ္ဍမှာ ဂျန်ဒါမူဝါက အကောင်အထည်ဖော်ဆောင်ရေးကို ကြီးကြပ်ရန်ဖြစ်သည်။<br>၂။ အမျိုးသမီးနှင့် ဂျန်ဒါတန်းတူရေးနှင့်စပ်လျဥ်းသည့် ကိစ္စရပ်များအားလုံး၏ တာဝန်ခံအဖြစ် ဆောင်ရွက်ရန်၊<br>၃။ ဂျန်ဒါတန်းတူရေးနှင့် အမျိုးသမီးအခွင့်အရေး အပေါ်သက်ရောက်မှုရှိသော ဥပဒေများကို ပြန်လည်သုံးသပ်စိစစ်ရန်၊<br>၄။ IEC နှင့် သက်ဆိုင်ရာ ယန္တရားအသီးသီးမှ အတည်ပြုထားသော ဂျန်ဒါနှင့်စပ်လျဥ်းသော ဥပဒေပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ရန်နှင့် အကြံပြုချက်များဖော်ထုတ်ရန်။ | ၁။ IEC အတွင်းရှိ အစည်းအဝေးများ၊ ဆွေးနွေးမှုများတွင် ဂျန်ဒါအရေးဆွေးနွေးမှုများကို မြှင့်တင်ရမည်။<br>၂။ ဂျန်ဒါမူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအတွက် IEC ၏ ဌာနဆိုင်ရာများအားလုံးသည် တက်တက်ကြွကြွပါဝင်လုပ် ဆောင်နိုင်စေရန်အတွက် ဦးဆောင်ရမည်။<br>၃။ ဂျန်ဒါနှင့်ဆက်စပ်သော သက်ရောက်မှုများကို တိတိကျကျ ကိုးကားနိုင်ရန်အတွက် မှတ်တမ်းများ၊ | ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ထိုဖွဲ့စည်းပုံတွင် ပါဝင်သော အမျိုးသမီးနှင့် ဂျန်ဒါ တန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ။<br>ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလ) ကရင်နီပြည် ဂျန်ဒါမူဝါဒမူဘောင်နှင့် ကြားကာလအုပ်ချုပ်ရေးကောင်စီ |

| | | | |
|---|---|---|---|
| | ၅။ ဂျန်ဒါမူဝါဒအား ထိထိရောက်ရောက်နှင့် တက်တက်ကြွကြွ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ဌာနအချင်းချင်းကြား ပူးပေါင်းဆောင် ရွက်ရန်<br>၆။ ကဏ္ဍတိုင်းတွင် ဂျန်ဒါအစဉ်တစိုက်အလေးထားမှု (mainstrea-ming) ကို သေချာစေရန်။ | ဘဏ္ဍာရေးဆိုင်ရာ တွက်ချက် မှုများအပါအဝင် သတင်းအချက်အလက်များကို လက်လှမ်းမှီမှုရရှိစေရန် ပြင်ဆင်ရမည်။<br>၄။ အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါ တန်းတူရေးကို ရရှိစေရန်အတွက် နည်းပညာပိုင်း၊ ဘဏ္ဍာရေးပိုင်း စသည့် ကဏ္ဍများတွင်လိုအပ်သော အထောက်အပံ့များကို ဖော်ထုတ်ရန်။ | |
| ကရင်နီပြည်ကြားကာလ ဥပဒေပြုရေးအဖွဲ့- Karenni State Interim Parliament | ၁။ ယေဘုယျအားဖြင့် လွှတ်တော်မှပြဋ္ဌာန်းလိုက်သော ဥပဒေများအားလုံးသည် ဂျန်ဒါကိုအလေးထားခြင်း၊ ဂျန်ဒါတန်းတူရေးကို ထည့်သွင်းစဉ်းစားခြင်းများ ဖြစ်စေခြင်း၊<br>၂။ ဂျန်ဒါမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် လိုအပ်သောဂျန်ဒါ ဘတ်ဂျက်ဆိုင်ရာဥပဒေအပါအဝင် အခြားလိုအပ်သောဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊<br>၃။ လက်ရှိဥပဒေများ၏ အမျိုးသမီး၊ အမျိုးသားများအပေါ် မတူသော သက်ရောက်မှုရှိမရှိနှင့် အမျိုးသမီးများအပေါ်ရှိသည့်သက်ရောက်မှုသည် ကရင်နီပြည်ဖွဲ့စည်းပုံပါ အမျိုးသမီးအခွင့် | ဥပဒေပြုပိုင်ခွင့်အာဏာရှိခြင်းကြောင့် ပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍသည် ဂျန်ဒါတန်းတူရေးနှင့် အမျိုးသမီးများဘဝ ဘက်စုံတိုးတက်ရေးတို့အတွက် လိုအပ်သော ဥပဒေများပြဋ္ဌာန်းခြင်း၊ ယေဘုယျအားဖြင့် လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သောဥပဒေများအားလုံးသည် ဂျန်ဒါကို အလေးထားခြင်း၊ ဂျန်ဒါတန်းတူရေးကို ထည့်သွင်းစဉ်းစားခြင်းများ ဖြစ်စေခြင်း၊ | ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဖွဲ့စည်းပုံများနှင့် ထိုဖွဲ့စည်းပုံတွင် ပါဝင်သော အမျိုးသမီးနှင့်ဂျန်ဒါ တန်းတူရေး ဆိုင်ရာပြဋ္ဌာန်းချက်များ။<br>ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြားကာလနှင့် အသွင်ကူးပြောင်းရေး ကာလ)<br>ကရင်နီပြည်ဂျန်ဒါ မူဝါဒမူဘောင် |

| | | | |
|---|---|---|---|
| | အရေးနှင့် တန်းတူရေးဆိုင်ရာ အခွင့်အရေးတို့အား ချိုးဖေါက်မှု ရှိ/မရှိ ဆန်းစစ်သုံးသပ်ခြင်းနှင့် ပြင်ဆင် ပြဋ္ဌာန်းခြင်း၊<br>၄။ လိင်အခြေပြုဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှုများကို ဥပဒေအရ တားမြစ်ခြင်းနှင့် ချိုးဖောက်မှုများကို ထိရောက်စွာအရေးယူ နိုင်သည့်ဥပဒေများပြဋ္ဌာန်းခြင်း၊<br>၅။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို တင်းကြပ်စွာတားမြစ် သောဥပဒေများ ပြဋ္ဌာန်းပြီးချိုးဖောက်မှုများကို ထိရောက်စွာ အရေးယူနိုင်မည့်ဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းခြင်း | | |
| | ၁။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်များ၊ ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပါ ပြဋ္ဌာန်းချက် များနှင့် ကရင်နီပြည်ကြား ကာလလွှတ်တော်မှအတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အမျိုးသမီးအခွင့်အရေး၊ ဂျဲန်ဒါတန်းတူရေးကို အလေးထားသော တရားစီရင်မှုကိုဖော် ဆောင်ရန်၊<br>၂။ တရားရေးဝန်ထမ်းများ၊ အရာရှိများနှင့် တရားသူကြီးများ အား လုံးအတွက် ဥပဒေသင်တန်းများအပြင် ဂျဲန်ဒါအလေးထား မှုနှင့် အမျိုးသမီးရေးနှင့် ဂျဲန်ဒါရေးနားလည်မှု အားကောင်းစေ ရန် မွမ်းမံသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ် ခြင်း၊ | ဂျဲန်ဒါအမြင်နှင့်အယူသည်းမှုများကို (gender prejudices and gender stereotypes) လျှော့ချနိုင်ရန်ရည်ရွယ်ပြီး တရားရေးနှင့် တရားစီရင်ရေးနယ်ပယ် တွင်း အမျိုးသမီးပါဝင်မှု ပိုမိုအားကောင်း လာစေရန် အလေးထားလုပ်ဆောင်ခြင်း၊ အထူးသဖြင့် တရားသူကြီးများအဆင့် တွင် အမျိုးသမီးများပါဝင်မှုရှိလာစေရန် စနစ်တကျ ဆောင်ရွက်ရမည်။<br><br>ဖိုဝါဒလွှမ်းမိုးသောသမားရိုးကျလူ့အဖွဲ့ အစည်းအနေအထားအတွင်း အမှန်တ | ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ထိုဖွဲ့စည်းပုံတွင် ပါဝင် သော အမျိုးသမီးနှင့်ဂျဲန်ဒါ တန်းတူရေး ဆိုင်ရာပြဋ္ဌာန်းချက်များ။<br><br>ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြားကာလနှင့် အသွင်ကူးပြောင်းရေး ကာလ)ကရင်နီပြည် ဂျဲန်ဒါမူဝါဒ မူဘောင် |

| | | | |
|---|---|---|---|
| ကရင်နီပြည်ကြားကာလ တရားစီရင်ရေးအဖွဲ့ Karenni State Interim Judiciary | ၃။ အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါတန်းတူရေးဆိုင်ရာများကို တရားစီရင်ရေး ကဏ္ဍအဆင့်တိုင်းတွင် အလေးထားဆောင်ရွက်ရန်၊ | ကယ်အပြောင်းအလဲရှိလာရေးနှင့် မူဘောင်မှချမှတ်ထားသော ကရင်နီပြည်လူမှုအဖွဲ့အစည်းအတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးကိုရှေ့ရှုပြီး တရားစီရင်ရေးကဏ္ဍအဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်လာစေရန် စီမံကိန်းများရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော်နိုင်ရန်လိုအပ်သည်။<br>ဥပဒေပညာသင်ယူသူဦးရေမှစ၍ တရားရေးနှင့် တရားစီရင်ရေးနယ်ပယ် အတွင်းအမျိုးသမီးဝန်ထမ်းမွေးမြူ လေ့ကျင့်ရေးအစီအမံများနှင့် တရားသူကြီးအဆင့် လိုအပ်သောပညာအရည်အချင်းနှင့်လုပ်ငန်းအတွေ့အကြုံများကိုရရှိနိုင်ရန် အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဂျန်ဒါအလေးထားမှုအခြေခံဖြင့် လုပ်ဆောင်ရန်လိုအပ်သည်။ | |

# နောက်ဆက်တွဲ (ဃ) ကရင်နီပြည်နှင့် မြန်မာနိုင်ငံအတွင်း ဂျန်ဒါကြောင့် ဖြစ်သည့် အာဏာ၊ ခုခံတွန်းလှန်မှု အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်ကို ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြင့် မြှင့်တင်ခြင်း

## အနှစ်ချုပ်

၁။ ကရင်နီပြည်နှင့် မြန်မာပြည်တစ်ဝှမ်းရှိအမျိုးသမီးများသည် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ခုခံတွန်းလှန်ခြင်းတွင် အခရာကျသူများဖြစ်သော်လည်း တရားဝင် ဖြစ်စဉ်များမှ စနစ်တကျဖယ်ရှားခံထားကြရပြီး ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် စီးပွားရေးရာတွင် ဖယ်ကျဉ်ခံရမှုများကိုခံစားကြရသည်။ အမျိုးသမီးများ၏ တွေ့ကြုံ ခံစားရမှုများသည် စစ်ဝါဒသွပ်သွင်းခြင်း၊ ဖိုဝါဒကြီးစိုးခြင်းနှင့် လူမျိုးစုများအားခွဲခြားနှိမ်ချ ဆက်ဆံခြင်းစသည့် အလွှာပေါင်းစုံမှ ခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေ၏ သက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာသည့်ရလဒ်များဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကြိုးပမ်းအားထုတ်မှုများတွင် အမျိုးသမီးများ၏အခွင့်အရေးနှင့် စုဖွဲ့ဆောင်ရွက်ခွင့်ရှိမှုကို ဗဟိုပြုနေသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး လုပ်ငန်းစဉ်ကို ပြီးပြည့်စုံစေရန်မှာ ဖွဲ့စည်းပုံဆိုင်ရာမညီမျှမှုများကို စနစ်တကျဖျက်သိမ်းရ မည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများအမှန် တကယ်ပါဝင်စေရမည်။ စစ်မက် တိုက်ခိုက်ခြင်းနှင့်ဖိနှိပ်ခြင်းကိုပြုလုပ်ရာတွင် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ကို အသုံးချခြင်းကို ကိုင်တွယ်ဖြေရှင်းရမည်။

## အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထောက်တိုင်များဖြင့် ဘောင်သတ်မှတ်သော အဓိကတွေ့ရှိ ချက်များ

## ပါဝင်နိုင်မှုရှိခြင်း၊ နိုင်ငံရေးအာဏာနှင့် ဖယ်ကျဉ်ထားမှု

၂။ လွှတ်တော်တွင် တပ်မတော်က ၂၅ ရာခိုင်နှုန်း ပါဝင်မှုရှိစေသည့် (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေသည် စစ်တပ်၏အာဏာကိုအမြစ်တွယ်စေကာ ဖိုဝါဒကြီးစိုးသည့် အုပ်ချုပ်မှု ဖွဲ့စည်းပုံကို အားပေးသည်။

၃။ ၂၀၂၀ ခုနှစ်တွင် လွှတ်တော်အမတ်နေရာများ၏ ၁၆.၈၃ ရာခိုင်နှုန်းသာ အမျိုးသမီး များမှရရှိခဲ့ပြီး တန်းတူညီမျှမှု အလွန်နည်းသည်။

၄။ CDM လှုပ်ရှားမှုတွင် အမျိုးသမီးများ ၆၀ ရာခိုင်နှုန်းအထိ ပါဝင်သော်လည်း တရား ဝင်ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများနှင့် နိုင်ငံရေးအရဦးဆောင်မှုများတွင် အမျိုးသမီးများ ၏ ကိုယ်စားပြုမှုလျော့နည်းနေဆဲဖြစ်သည်။

## အကာအကွယ်ပေးမှု၊ ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) အား စနစ်တစ်ခုသဖွယ် အသုံးချခြင်း

၅။ အစိုးရနှင့် အစိုးရမဟုတ်သူများကပါ ထိန်းချုပ်နိုင်မှုရရှိရန်၊ အတိုက်အခံများအား ကြောက်စိတ်သွင်းရန်နှင့် ဂျန်ဒါအဆင့်အတန်းအားကောင်းစေရန် ဂျန်ဒါအခြေပြုအကြမ်း ဖက်မှု (GBV) ကို လက်နက်သဖွယ်အသုံးပြုကြသည်။

၆။ ရိုဟင်ဂျာနှင့် ကရင်နီပြည်တွင်းအခြားတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသား လူနည်းစုအမျိုးသမီးများသည် မျှတမှုမရှိစွာ ပစ်မှတ်ထားခံကြရသည်။

၇။ တရားဥပဒေအရ အကာအကွယ်ပေးခြင်းများ သင့်တင့်လျောက်ပတ်စွာရှိမနေခြင်း၊ ပြစ်မှုကျူးလွန်ပါသော်လည်း ပြစ်ဒါဏ်ပေးအရေးယူမှုများမရှိခြင်းတို့ကြောင့် အကြမ်း ဖက်မှု စက်ဝန်းအစွန့်ရှည်နေသည်။

၈။ ရှင်သန်ကျန်ရစ်သူများသည် အမြစ်တွယ်နေသည့် အပြစ်ပြောသမုတ်ခြင်းများ၊ ဖွဲ့စည်းပုံအရ လျစ်လျူရှုခြင်းများအပြင် တရားမျှတမှုနှင့် စိတ်နှင့်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုများကို လက်လှမ်းမီမှုမရှိခြင်းတို့ကို ကြုံတွေ့ကြရသည်။

## ကြိုတင်ကာကွယ်ခြင်း။ ယဉ်ကျေးမှုနှင့် ဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတားများ

၉။ အမြစ်တွယ်နေသည့် ဖိုဝါဒကြီးစိုးမှု စံသတ်မှတ်ချက်များကြောင့် အမျိုးသမီးများက အိမ်မှုလုပ်ငန်းများကိုသာ လုပ်ဆောင်ကြရပြီး အများပြည်သူအရေးများတွင် ပါဝင်နိုင်ခြင်း မရှိကြပေ။

၁၀။ ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ကို ပဋိပက္ခကာလအတွင်းနှင့် ပဋိပက္ခအလွန်ကာလအခြေအနေများတွင်ပါ သာမာန်အခြေအနေ တစ်ရပ်အဖြစ်သာရှုမြင်ကြသည့် အတွက်မလုံခြုံမှုကို ဆိုးရွားစေပြီး ရေရှည်ငြိမ်းချမ်းရေးကို အားနည်းစေသည်။

၁၁။ အုပ်ချုပ်မှုပုံစံနှင့် လူ့အသိုင်းအဝိုင်းကို စစ်ဝါဒသွပ်သွင်းခြင်းသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအကြမ်းဖက်မှုကို ပိုမိုဆိုးဝါးစေပြီး အသွင်ပြောင်းလဲစေသည့် ဂျန်ဒါ စံသတ်မှတ်ချက်များကို ချိုးနှိမ်ထားသည်။

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည် အားနည်းစေမှုနှင့် တည်ဆောက်ပုံဆိုင်ရာ ဖယ်ကျဉ်ထားမှု

၁၂။ အမျိုးသမီးအများစုသည် အလွတ်သဘောစီးပွားရေးနယ်ပယ်တွင်သာရှိကြပြီး မြေယာပိုင်ဆိုင်ခွင့်၊ ချေးငွေချေးယူခွင့်နှင့် အလုပ်သမားရေးရာအကာအကွယ်များ ရရှိနိုင်ရာတွင်မူ စနစ်၏ အဟန့်အတားများကို ကြုံတွေ့ကြရသည်။

၁၃။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် စီးပွားရေးအခက်အခဲများ၊ စားနပ်ရိက္ခာ မဖူလုံမှုများနှင့် အမျိုးသမီးများအတွက် ဝင်ငွေမရသည့် ပြုစုစောင့်ရှောက်ရေးတာဝန်များ ကိုသာ လုပ်ဆောင်ရမှုအခြေအနေများ ပိုမိုဆိုးရွားလာခဲ့သည်။

၁၄။ ကျေးလက်နေအမျိုးသမီးများနှင့် နေရပ်စွန့်ခွာရသည့်အမျိုးသမီးများသည် အထူး သဖြင့် အထောက်အပံ့ဖြန့်ဝေခြင်း၊ ဝန်ဆောင်မှုများရယူခြင်းနှင့် ပြန်လည်ထူထောင်ရေး ဆောက်ရွက်ချက်များတွင် ဖယ်ကျဉ်ခံကြရသည်။

## အလွှာပေါင်းစုံမှခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေကြောင့် အန္တရာယ်ကျရောက်ရန်လွယ်ကူ ခြင်းများ

၁၅။ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများနှင့် တိုင်းပြည်မဲ့အမျိုးသမီးများသည် လူမျိုးရေး အခြေခံသော၊ ဂျန်ဒါပေါ်အခြေခံသော ခွဲခြားဖယ်ကျဉ်မှုများကြောင့် ထပ်ဆင့် ဆိုးကျိုးများကို ကြုံတွေ့ကြရသည်။

၁၆။ နေရပ်စွန့်ခွာရခြင်း၊ တရားဥပဒေအရ ဖြစ်တည်မှုအမှတ်လက္ခဏာ ပျောက်ဆုံးမှု၊ တရားနည်းလမ်းတကျ လုပ်ဆောင်ရသည့်ဖြစ်စဥ်များမှ ကန့်သတ်ဖယ်ကျဉ်ခံရမှုများက လုံခြုံရေးနှင့် ပါဝင်နိုင်ရေးဆိုင်ရာ အဟန့်အတားများကို ပိုမိုမြင့်မားစေသည်။

## အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် ခုခံတွန်းလှန်မှု

၁၇။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာ) တို့ကဲ့သို့သော အမျိုးသမီးအဖွဲ့အစည်းများသည် လွဲမှားစွာပြုမူမှုများကို မှတ်တမ်းပြုစုခြင်း၊ ဖိမနစ်ရပ်တည်ချက်နှင့် ရပ်ရွာအခြေပြုသည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုရှိရေးတို့ကို ဦးဆောင်လှုပ်ရှားလျက်ရှိသည်။

၁၈။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များရှိအမျိုးသမီးများသည် ဦးဆောင်မှုအခန်း ကဏ္ဍများကို ပြန်လည်သတ်မှတ်နေကြပြီး အမျိုးသားကြီးစိုးသည့်ဖွဲ့စည်းပုံများကို အဖွဲ့ အတွင်းမှနေ၍ စိန်ခေါ်လှုပ်ရှားနေကြသည်။

၁၉။ အောက်ခြေအဆင့်လှုပ်ရှားမှုများတွင် ဖိမနှစ်သဘောတရားများကို ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲလုပ်ဆောင်မှုများတွင် တက်ကြွစွာပေါင်းစည်းထည့်သွင်းလုပ်ဆောင်နေကြသည်။

## ဒေသအခြေပြု အကြံပြုချက်များ

### ကရင်နီပြည်တွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဥ်ကို မြှင့်တင်ခြင်း

### ကရင်နီပြည်ရှိ ဒေသန္တရစီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု ခေါင်းဆောင်များ အတွက်ပါဝင်နိုင်မှုရှိခြင်း

၂၀။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ဒေသန္တရစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအပါအဝင်အဆင့်တိုင်းတွင် ကရင်နီအမျိုးသမီးများကိုယ်စားပြုပါဝင်မှုကို အာမခံချက်ပေးသည့် အားလုံးအကျုံးဝင်မှုရှိသည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဖွဲ့စည်းပုံများကို ဆောက်တည်ရမည်။

၂၁။ အပစ်အခတ်ရပ်စဲရေးကိုစောင့်ကြည့်လေ့လာခြင်း၊ လူသားချင်းစာနာထောက်ထားမှုကို စီမံအုပ်ချုပ်ခြင်းနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရေးဖြစ်စဥ်များတွင် အမျိုးသမီးအဖွဲ့အစည်းများ၏ ဦးဆောင်မှုကို အသိအမှတ်ပြု၍ အဆင့်မြှင့်တင်ပေးရမည်။

၂၂။ ကျေးလက်နှင့် နေရပ်စွန့်ခွာအမျိုးသမီးများ နိုင်ငံရေးဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်လာနိုင်ရေးအတွက် ဘေးကင်းလုံခြုံ၍လက်လှမ်းမီနိုင်သော နည်းလမ်းများကို ဖန်တီးရမည်။

## အကာအကွယ်ပေးခြင်း

၂၃။ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) နှင့် ပဋိပက္ခနှင့်ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လျှို့ဝှက်ထိန်းသိမ်းမှုရှိစွာ၊ ဂုဏ်သိက္ခာရှိစွာနှင့် ရှင်သန်ကျန်ရစ်သူကိုဗဟိုပြုသည့် ပြုစုစောင့်ရှောက်မှုပေးခြင်းအားဖြင့် ရပ်ရွာလူထုအခြေပြု ကာကွယ်တုံ့ပြန်ဆောင်ရွက်မှု ကွန်ရက်များကို အားကောင်းအောင် လုပ်ဆောင်ရမည်။

၂၄။ တော်လှန်ရေးအင်အားစုများမှ တာဝန်ရှိပုဂ္ဂိုလ်များအပါအဝင် ဒေသတွင်းရှိတရားမျှတမှုနှင့် တရားဥပဒေအားကောင်းလာစေရေးလုပ်ဆောင်နေသူများအား အမျိုးသမီးအခွင့်အရေး၊ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) ကြိုတင်ကာကွယ်ရေးနှင့် အကာအကွယ်ပေးရေးလုပ်ထုံးလုပ်နည်းများအကြောင်း လေ့ကျင့်သင်ကြားပေးရမည်။

၂၅။ အစိုးရနှင့် အစိုးရမဟုတ်သူများ ထိန်းချုပ်သည့် နယ်မြေများအတွင်း လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (GBV) အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီ၍ ခွဲခြားဆက်ဆံမှုကင်းသည့် တရားမျှတမှုရှိစေရေးဆိုင်ရာ ယန္တရားများကို ဖွဲ့စည်းပုံဖော်ရမည်။

## ကြိုတင်ကာကွယ်ခြင်း

၂၆။ ပြည်သူ့နီတိပညာပေးရေး၊ ထုံးတမ်းစဉ်လာအရ ဦးဆောင်မှုဖွဲ့စည်းပုံများနှင့် ယဉ်ကျေးမှုဆိုင်ရာ အစဉ်အလာများတွင် ဂျဲန်ဒါတန်းတူညီမျှရှိမှုနှင့် အကြမ်းမဖက်ရေးတို့ကို ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် အကြမ်းဖက်မှုကို သာမာန်ကဲ့သို့ သဘောထားနေကြခြင်းကို ကိုင်တွယ်ဖြေရှင်းရမည်။

၂၇။ ဖိုဝါဒကြီးစိုးသည့်စံသတ်မှတ်ချက်များကိုစိန်ခေါ်ရန်၊ အမျိုးသမီးခေါင်းဆောင်မှုနှင့် မိမိတို့ကံကြမ္မာ မိမိတို့ဖန်တီးခွင့်ကို မြှင့်တင်ရန်အတွက် ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလူထု ခေါင်းဆောင်များတို့နှင့် လက်တွဲလုပ်ဆောင်ရမည်။

၂၈။ စာသင်ကျောင်းများနှင့် ကျန်းမာရေးဌာနများကဲ့သို့သော အရပ်သားပြည်သူနေရာများမှ လက်နက်ကိုင်များကိုဖယ်ရှားရေးအပါအဝင် ရပ်ရွာအဆင့်တွင် စစ်ဝါဒသွပ်သွင်းခြင်းမရှိစေရေးကို ဦးစားပေးလုပ်ဆောင်ရမည်။

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး

၂၉။ နေရပ်စွန့်ခွာရသည့်အမျိုးသမီးများနှင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် အမျိုးသမီးများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီများ၊ စိတ်ဒါဏ်ရာကုစားပေးမှုများ၊ တရားဥပဒေဆိုင်ရာရပ်တည်ပြောဆိုပေးမှုတို့ကို ဆောင်ရွက်နေသည့် ကရင်နီအမျိုးသမီးဦးဆောင်သည့် အဖွဲ့အစည်းများအား ရံပုံငွေပံ့ပိုးပေး၍ အားကောင်းလာအောင် လုပ်ဆောင်ပေးရမည်။

၃၀။ အစားအစာ၊ နေရာထိုင်ခင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ပိုင်း၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို IDP စခန်းများနှင့် ရပ်ဝေးများတွင် ရှိနေသည့် အမျိုးသမီးများအတွက် ဂျဲန်ဒါနှင့်ကိုက်ညီမှု၊ စိတ်ဒါဏ်ရာများကို သိနားလည်ထားမှု၊ လက်လှမ်းမီမှုရှိအောင် အသေအချာ ဆောင်ရွက်ရမည်။

၃၁။ ကျေးလက်နေအမျိုးသမီးများနှင့် ပဋိပက္ခကြောင့်ထိခိုက်ခံစားရသည့် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့်ကိုက်ညီသည့် မြေယာရရှိရေး၊ ရံပုံငွေအထောက်အပံ့ရရှိရေး၊ အသက်မွေးဝမ်းကြောင်းသင်တန်းများနှင့် သမဝါယမအသင်းများ ထူထောင်ဖွဲ့စည်းပေးခြင်းဖြင့် အမျိုးသမီးများ၏စီးပွားရေး ပြန်လည်ထူထောင်လာနိုင်မှုကို မြှင့်တင်ဆောင်ရွက်ရမည်။

# နိဂုံး

# ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဖြစ်စဉ်များတွင် ကရင်နီအမျိုးသမီးများကို ဗဟိုပြုခြင်း

၃၂။ ကရင်နီအမျိုးသမီးများသည် ခုခံတွန်းလှန်ရေး၊ အပြန်အလှန်အကူအညီပေးရေးနှင့် ရပ်ရွာလူထု ပြန်လည်ထူထောင်ရေးတို့တွင် နှစ်ပေါင်းများစွာ ရှေ့တန်းမှရပ်တည်လာခဲ့ကြသည်ဖြစ်သည်။ ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများနှင့် ဦးဆောင်မှုများသည် ကရင်နီပြည်အတွင်း ရေရှည်တည်တံ့၍ အားလုံးအကျုံးဝင်မှုရှိသည့် ငြိမ်းချမ်းရေးကို ပုံဖော်ရာတွင် အဓိကကျသည်။ ဒေသတွင်း၌ အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေး (WPS) လုပ်ငန်းစဉ်ကို မြှင့်တင်လုပ်ဆောင်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရုံသာမကဘဲ အာဏာကိုပြန်လည်ဖြန့်ဝေ၍ အနာဂတ်တွင် အမျိုးသမီးများသည် မိမိတို့ရပ်ရွာများတွင် ဆုံးဖြတ်ချက်ချမှတ်သူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ အသွင်ကူးပြောင်းရေးအတွက်လုပ်ဆောင်နေသည့် ကိုယ်စားလှယ်များဖြစ်လာစေရန်လည်း ရည်ရွယ်သည်။

xxx

# နောက်ဆက်တွဲ (င) အရင်းအမြစ်များ

၁။ အဖွဲ့အစည်းများ (Organizations)

- **UN Women**: A UN organization that works to achieve gender equality
- **Equality Now**: A nonprofit that uses legal advocacy to address gender inequality
- **Workplace Gender Equality Agency**: An agency that provides advice and tools to help employers improve gender performance

၂။ အကောင်အထည်ဖော်ခြင်းဆိုင်ရာအသုံးပြုကရိယာများ (Tools)

- **Gender-Responsive Education Sector Planning**: A tool that helps advance gender equality in education
- **UNCT-SWAP Gender Equality Scorecard**: A tool that assesses the UN's planning, coordination, and programming for gender equality
- **European Institute for Gender Equality (EIGE)**: An institute that provides guidance on how to incorporate a gender perspective into policy

၃။ လမ်းညွှန်များ (Guides)

- **Gender integration guide**: A guide that helps organizations evaluate their current status, plan future actions, and track progress

၄။ အခြားအရင်းအမြစ်များ (Other resources)

- Association for Women's Rights in Development
- Womankind Worldwide
- Center for Reproductive Rights
- Plan International
- Women for Women International
- Women's Environment and Development Organization
- Women’s League of Burma
- Women’s Organizations in Karenni

# နောက်ဆက်တွဲ (စ) ဂျန်ဒါဆိုင်ရာ ဝေါဟာရများ (အသုံးအနှုန်းများနှင့် အယူအဆများ ဖွင့်ဆိုချက်)

၁။ ဂျန်ဒါဆိုင်ရာဝေါဟာရများသည် မူဘောင်ထဲမှာပါဝင်သော ဝေါဟာရများကို ဖော်ပြထားခြင်းဖြစ်သည်။ မူဘောင်ထဲတွင်မပါဝင်သော ဝေါဟာရအသုံးအနှုန်းများသည် ဂျန်ဒါမူဝါဒများရေးဆွဲရာတွင် နားလည်ရန်လိုအပ်သောဝေါဟာရများကို ပြင်ဆင်ထည့်သွင်းထားခြင်းဖြစ်သည်။

**(က) ဂျန်ဒါ (Gender)** - လူ့ပတ်ဝန်းကျင်အတွင်း အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေးနှင့် မိန်းကလေးစသော ဂျန်ဒါ ဖြစ်တည်မှုတို့အပေါ်မူတည်၍ ၎င်းတို့၏လုပ်ငန်းတာဝန်များကို ခွဲခြားသတ်မှတ်တည်ဆောက်ခြင်းကိုဆိုလိုသည်။ ထိုသို့ ဂျန်ဒါဖြစ်တည်မှုအပေါ်မူတည်၍ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားတည်ဆောက်ခြင်းသည် ဂျန်ဒါဆိုင်ရာအခန်းကဏ္ဍများအပြင် အခြားသောဖြစ်တည်မှုအင်္ဂါရပ်များသည်လည်း မတူညီသောယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများနှင့်အတူ အချိန်နှင့်အမျှ ပြောင်းလဲကွဲပြားနေပါသည်။ ယင်း ဂျန်ဒါဖြစ်တည်မှု အယူအဆများတွင် လူတစ်ဦးချင်းစီ၏ အရည်အသွေး၊ ကိုယ်ပိုင်လက္ခဏာများနှင့် ယောက်ျား (သို့မဟုတ်) မိန်းမပီသခြင်းဟူသော အမူအကျင့်ဆိုင်ရာ ယူဆမျှော်လင့်ချက်များလဲ ပါဝင်သည်။ ဤအယူအဆသည် လူ့ပတ်ဝန်းကျင်အတွင်း ဘုံသဘောတူမျှဝေလက်ခံထားသော ဂျန်ဒါဆိုင်ရာ အခန်းကဏ္ဍများကို ခွဲခြမ်းစိတ်ဖြာရာတွင် အသုံးဝင်သည်။

**(ခ) ဂျန်ဒါဆိုင်ရာ လိုက်လျောမြှင့်တင်မှု အစီအမံ (Gender Accommodating) -** ဂျန်ဒါဆိုင်ရာ လိုက်လျောမြှင့်တင်မှုအစီအမံ ဆိုသည်မှာ ဂျန်ဒါအကဲဆတ်မှုအယူအဆကဲ့သို့ ဂျန်ဒါဆိုင်ရာကွဲပြားမှုများကို သိနားလည်ရုံသာမက ထိုကွဲပြားမှုများကို လိုက်ရောညီထွေချိန်ညှိပေးခြင်းကိုဆိုလိုသည်။ သို့သော် ယင်းအစီအမံသည် မညီမျှသောစံနှုန်းများ၊ အခန်းကဏ္ဍများနှင့် ဆက်နွယ်ပတ်သက်မှုများမှ ဖြစ်ပေါ်လာသော မညီမျှမှုများကိုမဖြေရှင်းနိုင်ပါ။ ဆိုလိုသည်မှာ ယင်းအစီအမံမှ

ကုစားနိုင်သော (သို့မဟုတ်) အသွင်ကူးပြောင်းနိုင်သော လုပ်ဆောင်မှုများမဖြစ်ထွန်းနိုင်ပါ။

**(ဂ) ဂျဲန်ဒါ ခွဲခြမ်းစိတ်ဖြာခြင်း (Gender Analysis) -** ဂျဲန်ဒါ ခွဲခြမ်းစိတ်ဖြာခြင်းသည် ဂျဲန်ဒါဖြစ်တည်မှုဆိုင်ရာအခန်းကဏ္ဍများ၊ လုပ်ငန်းတာဝန်များ၊ လိုအပ်ချက်များ၊ အခွင့်အလမ်းများနှင့် ရပိုင်ခွင့်ဆိုင်ရာ ကွာခြားချက်များကို သုံးသပ်လေ့လာခြင်းဖြင့် အချို့သောအခြေအနေများတွင် အမျိုးသား၊ အမျိုးသမီးများအား မည်ကဲ့သို့ အကျိုးသက်ရောက်စေသည်ကို ဆန်းစစ်ခြင်းကိုဆိုလိုသည်။ ဂျဲန်ဒါခွဲခြမ်းစိတ်ဖြာခြင်းသည် အမျိုးသမီးများနှင့် အမျိုးသားများကြား ဆက်ဆံရေး၊ အရင်းအမြစ်များကို ရယူသုံးစွဲနိုင်စွမ်း၊ စီမံခန့်ခွဲနိုင်စွမ်းနှင့် ၎င်းတို့ ကြုံတွေ့နေရသော ကန့်သတ်ချက်များကို ဆန်းစစ်ခြင်းဖြစ်သည်။ ဂျဲန်ဒါခွဲခြမ်းစိတ်ဖြာခြင်းကို လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက် အကဲဖြတ်မှုများ၊ ကဏ္ဍစုံပါဝင်သော အကဲဖြတ်မှုများ (သို့မဟုတ်) အခြေအနေအပေါ်မူတည်သော အကဲဖြတ်မှုများနှင့်လည်း ပေါင်းစပ်လေ့လာသင့်ပါသည်။ ထိုမှသာ ယင်းလူသားချင်းစာနာထောက်ထားမှုဆိုင်ရာစွက်ဖက်မှုများကြောင့် ဂျဲန်ဒါအခြေပြု မမျှတမှုများနှင့် မညီမျှမှုများကိုပိုမိုဆိုးရွားလာခြင်းမရှိစေရန်ဖြစ်သည်။ ထိုသို့အားဖြင့် ပိုမိုအားကောင်းသော ဂျဲန်ဒါတန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းများကို မြှင့်တင်နိုင်မည်ဖြစ်သည်။

**(ဃ) ဂျဲန်ဒါ မျှတမှု (Gender Balance) -** ဤသည်မှာ လုပ်ငန်းနယ်ပယ်အားလုံးတွင် အကြီးတန်းရာထူးများအပါအဝင် နိုင်ငံတွင်းသာမက နိုင်ငံတကာရှိဝန်ထမ်းနေရာများတွင်ပါ အမျိုးသမီးများနှင့် အမျိုးသားများတန်းတူညီမျှပါဝင်ရန် လုပ်ဆောင်နေကြသည့် လူ့စွမ်းအားအရင်းအမြစ်ပြဿနာတစ်ခုဖြစ်သည်။ ဟန်ချက်ညီပါဝင်သော ဝန်ထမ်းနေရာများဖန်တီးခြင်းနှင့် မတူကွဲပြားသောလုပ်သားအင်အားများအတွက် အထောက်အကူဖြစ်စေသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကိုဖန်တီးခြင်းသည် ကျွန်ုပ်တို့၏မူဝါဒများနှင့် အစီအစဉ်များ၏ အလုံးစုံထိရောက်မှုကို တိုးတက်စေပြီး ပြည်သူတစ်ရပ်လုံးအား ပိုမိုကောင်းမွန်စွာဝန်ဆောင်မှုများပေး နိုင်ရန် အေဂျင်စီများ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။

**(င) ဂျန်ဒါအခြေပြု ကန့်သတ်ချက်များ (Gender-based Constraints) -**ဂျန်ဒါ ဖြစ်တည်မှုအပေါ်မူတည်၍ အမျိုးသား(သို့မဟုတ်) အမျိုးသမီးများကြုံတွေ့နေရသော ကန့်သတ်ချက်များကိုဆိုလိုသည်။ ဥပမာအားဖြင့်၊ အမျိုးသမီးလယ်သမားများသည် ၎င်းတို့၏မြေယာများကို မပိုင်ဆိုင်နိုင်ခြင်းသည် အမျိုးသားများကြီးစိုးသော သမဝါယမအဖွဲ့အစည်းတွင်ပါဝင်နေခြင်း သို့မဟုတ် အိမ်မှုတာဝန်များများပြားလွန်းနေခြင်းကြောင့်ဖြစ်သည်။ ဂျန်ဒါ ဖြစ်တည်မှုများအပေါ်အခြေမခံသော ကန့်သတ်ချက်များကိုမူ ယေဘုယျကန့်သတ်ချက်များဟုခေါ်နိုင်သည်။

**(စ) ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (Gender-based Violence) -** အမျိုးသမီးနှင့်အမျိုးသားများအကြား လူမှုရေးအရသတ်မှတ်ထားသော ဂျန်ဒါကွဲပြားမှုများအပေါ်အခြေခံ၍ လူတစ်ဦး၏ဆန္ဒကို ဆန့်ကျင်ကျူးလွန်သည့် အန္တရာယ်ဖြစ်စေသောလုပ်ရပ်များအတွက် ခြုံငုံရည်ညွှန်းသောအသုံးအနှုန်းတစ်ခုဖြစ်သည်။ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများ၏ သဘောသဘာဝနှင့် ဖြစ်ပေါ်လာပုံများသည် မတူညီသောယဉ်ကျေးမှုများ၊ နိုင်ငံများနှင့် ဒေသများအလိုက်ကွဲပြားသည်။ ဥပမာများအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကဲ့သို့သော လိင်အမြတ်ထုတ်ခြင်း၊ အလွဲသုံးစားလုပ်ခြင်းများအပါအဝင် အဓမ္မပြည့်တန်ဆာလုပ်ငန်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများ၊ အတင်းအကြပ်(သို့မဟုတ်) အသက်မပြည့်သောလက်ထပ်မှုများအပြင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသမီးလိင်အင်္ဂါဖြတ်တောက်မှုများ၊ ဂုဏ်ပြုသတ်ဖြတ်မှုများနှင့် မုဆိုးမအမွေဆက်ခံလက်ထပ်ခြင်း ကဲ့သို့သော အန္တရာယ်ရှိသော ရိုးရာဓလေ့များလည်းပါဝင်သည်။

**(ဆ) ဂျန်ဒါကွဲပြားမှုများ (Gender Disparities) -** အမျိုးသားနှင့်အမျိုးသမီးအကြား မညီမျှမှုများကို ထင်ဟပ်စေသော ကိန်းဂဏန်းပမာဏ ဆိုင်ရာကွာဟချက်များကိုဆိုလို သည်။

**(ဇ) ဂျန်ဒါ တန်းတူညီမျှမှု (Gender Equality) -** အမျိုးသားများနှင့် အမျိုးသမီးများသည် ၎င်းတို့၏အလားအလာ၊ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို အပြည့်အဝအသုံးပြု အကောင်ထည်ဖော်နိုင်ရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေး၊ စသောလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးနိုင်ရုံသာမက ထိုလုပ်ငန်းစဉ်များမှလည်း အကျိုးအမြတ်များ ခံစားနိုင်စေရန်အတွက် တန်းတူညီမျှသော အခြေအနေများ၊ ဆက်နွယ်မှုများနှင့် အခွင့်အလမ်းများရှိရမည်ဟူသော အယူအဆတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဂျန်ဒါတန်းတူညီမျှမှုသည် ကွဲပြားစုံလင်စွာတည်ရှိနေသော အမျိုးသား၊အမျိုးသမီးများ၏ အခန်းကဏ္ဍများအားလုံးကို တန်းတူတန်ဖိုးထားခြင်းဖြစ်ပြီး အိမ်အတွင်းနှင့် လူ့အသိုင်းအဝိုင်းအတွင်းသာမက လူ့အဖွဲ့အစည်းအတွင်းတွင်ပါ အပြည့်အဝပူးပေါင်းပါဝင်ခြင်းကို အခြေခံထားသော အယူအဆတစ်ခုဖြစ်သည်။ ထို့ကြောင့် တန်းတူညီမျှမှုသည် အမျိုးသမီးများနှင့် အမျိုးသားများအားလုံး အလုံးစုံတူညီလာရမည်ဟုမဆိုလိုပဲ အမျိုးသမီးများနှင့် အမျိုးသားများ ၏ ရပိုင်ခွင့်၊ တာဝန်နှင့်အခွင့် အလမ်းများသည် ၎င်းတို့ မွေးဖွားဖြစ်တည်လာသော ကျား၊မ အပေါ် မူတည်မှုမရှိစေရန်ဖြစ်သည်။

**(ဈ) ဂျန်ဒါ တန်းတူညီမျှမှု**ဆိုသည်မှာ အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးနှင့် ယောကျ်ားလေးစသော မည်သည့်လိင်အမျိုးအစားဖြစ်လင့်ကစား ၎င်းတို့၏ အကျိုးစီးပွား၊ လိုအပ်ချက် များနှင့် ဦးစားပေးမှုများကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ထို့အပြင် စုံလင်ကွဲပြားသော အုပ်စုများ၏ စုံလင်ကွဲပြားမှုများကိုလည်း အသိအမှတ်ပြုကာ လူသားအားလုံးသည် လူ့ပတ်ဝန်းကျင်တွင် ပုံသေသတ်မှတ်ထားသော ဂျန်ဒါအခန်းကဏ္ဍများနှင့် ပတ်သက်သော ပုံသေသတ်မှတ်ချက်များကြောင့် ၎င်းတို့၏ ကိုယ်ပိုင်အရည်အချင်းများကို လွတ်လွတ်လပ်လပ်ဖော်ထုတ်နိုင်ခြင်းမရှိခြင်းမျိုး မဖြစ်စေရန်ဖြစ်သည်။ ဂျန်ဒါတန်းတူညီမျှမှုသည် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်တစ်ခုဖြစ်ပြီး ရေရှည်တည်တံ့၍ လူထုဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်တည်ဆောက်သင့်သော အခြေအနေတစ်ခုသာမက ညွှန်ပြချက် တစ်ခုလည်းဖြစ်ပေသည်။

**(ည) ဂျဲန်ဒါ ဘက်လိုက်မှုများ (Gender Biases) -** ဂျဲန်ဒါဖြစ်တည်မှုအပေါ် အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသားများကို အမျိုးသမီးများ ထက်ပို၍ မျက်နှာသာပေးလေ့ရှိသော ဘက်လိုက်သည့်ဆုံးဖြတ်ချက်များ ချမှတ် ခြင်းကို ဆိုလိုသည်။

**(ဋ) ဂျဲန်ဒါ မျက်ကွယ်ပြုခြင်း (Gender Blindness) -** တစ်ချို့သော လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေးအခင်းအကျင်းများနှင့် နောက်ခံအခြေအနေများ တွင် အမျိုးသား၊ အမျိုးသမီးတို့၏ ပေးအပ်သတ်မှတ်ထားသော အခန်းကဏ္ဍနှင့် တာဝန်တို့ကို အသိအမှတ်ပြု ရန်ပျက်ကွက်ခြင်းကိုဆိုလိုသည်။ မတူညီသော အခန်းကဏ္ဍများနှင့် လိုအပ်ချက်များကို ထည့်သွင်းမစဉ်းစားဘဲ လက်ရှိမညီမျှ သောအနေအထားကိုသာ ထိန်းသိမ်းထားသည်ကိုဂျဲန်ဒါ မျက်ကွယ်ပြုခြင်းဟု သတ်မှတ်နိုင်သည်။

**(ဌ) ဂျဲန်ဒါ ဆက်နွယ်မှုများ (Gender Relations) -** ဂျဲန်ဒါ ဆက်နွယ်မှုများ ဆိုသည်မှာ အထူးသဖြင့် လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လူမှုအဖွဲ့အစည်းများ အဖြစ် ယောကျ်ားများနှင့် မိန်းမများကို စုစည်းထားသော လူမှုဆက်ဆံရေးများ၏ အထူးတစ်စုဖြစ်သည်။ ဂျဲန်ဒါ ဆက်နွယ်မှုများသည် လူမှုဆက်ဆံရေးများအပေါ် အခြားသက်ရောက်မှုများ- အသက်အရွယ်၊ လူမျိုးရေး၊ ကိုးကွယ်ယုံကြည်မှု - တို့နှင့် ပေါင်းစပ်ကာ လူမှုအဖွဲ့အစည်းတစ်ခုအတွင်းရှိလူများ၏ အနေအထားနှင့် ကိုယ် ပိုင်လက္ခဏာကို သတ်မှတ်ပေးသည်။ ဂျဲန်ဒါဆက်နွယ်မှုများ လူမှုတည်ဆောက်မှု တစ်ခု ဖြစ်သောကြောင့် ၎င်းတို့ကိုပြောင်းလဲနိုင်သည်။

**(ဍ) ဂျဲန်ဒါဆိုင်ရာ အသွင်ပြောင်းပရိုဂရမ်များနှင့် မူဝါဒများ (Gender Transformative Programming and Policies) -** ဂျဲန်ဒါတန်းတူညီမျှမှုရရှိရန် ကျားမရေးရာ ဆက်နွယ်မှုများကို ပြောင်းလဲပေးသည့် အစီအစဉ်များရေးဆွဲခြင်းနှင့် မူဝါဒများရေး ဆွဲခြင်း၊ ဂျဲန်ဒါဆိုင်ရာ တုန့်ပြန်မှုရှိသော အစီအမံနှင့်မူဝါဒများ **(Gender-responsive Programming and Policies)** အစီ အစဉ်များ၊ မူဝါဒများ၏ ဒီဇိုင်း၊ အကောင်အ

ထည့်ဖော်ဆောင်ရေးနှင့် ရလဒ်များတွင် အကျိုးသက်ရောက်မှုရှိစေရန် ဂျန်ဒါရေးရာ ထည့်သွင်းစဉ်းစားမှုများကို ရည်ရွယ်ချက်ရှိရှိ အသုံးချထည့်သွင်းခြင်းမျိုးကို ဆိုလိုသည်။ gender responsive အစီအစဉ်များနှင့် မူဝါဒများသည် လုပ်ငန်းခွင် ရွေးချယ်ချက်များ၊ လက်တွေ့အကြောင်းအရာများ၊ စောင့်ကြည့်မှုများ အစရှိသည့် အစိတ်အပိုင်းများတွင် အမျိုးသမီးများ၏ လက်တွေ့ဘဝနှင့်လိုအပ်ချက်များကို ထင်ဟပ် စေပါသည်။ ဂျန်ဒါဆိုင်ရာတုန့်ပြန်မှုရှိခြင်း (Gender-responsiveness) ဆိုသည်မှာ အမျိုးသမီးများ၏ တစ်မူထူးခြားသောလိုအပ်ချက်များကို ဂရုပြုခြင်း၊ ၎င်းတို့၏ အမြင်များကိုတန်ဖိုးထားခြင်း၊ အတွေ့အကြုံများကို လေးစားခြင်း၊ မိန်းကလေးများနှင့် ယောကျ်ားလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများကြား ဖွံ့ဖြိုးမှုဆိုင်ရာကွဲပြားချက်များကို နားလည်သဘောပေါက်ပြီး မိန်းကလေးများနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းများကိုဆိုလိုသည်။

**(ဃ) အလွှာပေါင်းစုံမှခွဲခြားဖိနှိပ်မှုများဆုံနေသောအခြေအနေ (Intersectionality)** ဆိုသည်မှာ ကရင်နီလူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသော အလွှာပေါင်းစုံမှ ကွဲပြားစုံလင်မှု များအပေါ်အခြေခံ၍ အချို့သည် ခွဲခြားဆက်ဆံမှုများကို တစ်ခုထက်ပို၍ တပြိုင်တည်းရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများရှိသည်ကို နားလည်လက်ခံခြင်းဖြစ်သည်။ ဥပမာ လူတစ်ယောက်သည် အမျိုးသမီးဖြစ်ခြင်းကြောင့် ခွဲခြားဆက်ဆံရသည့်အပြင် ခြားနားသန်စွမ်းဖြစ်ခြင်းနှင့် အသက်အရွယ်ကြီးသူဖြစ်ခြင်းကြောင့်ပါ ခွဲခြားဖိနှိပ်ခံနေရခြင်းသည် အလွှာပေါင်းစုံမှဖိနှိပ်မှုကို တပြိုင်တည်းရင်ဆိုင်ရသည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် ဥပဒေများ၊ မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များချမှတ်လုပ်ဆောင်သည့်အခါ ထိုကဲ့သို့ အလွှာပေါင်းစုံမှဖိနှိပ်မှုများကို တပြိုင်တည်းခံနေရသည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

**(ဏ) LGBTIQ+** ဆိုသည်မှာ လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှု၊ လိင်အသွင်အပြင်ဖော်ပြမှုနှင့် လိင်ဝိသေသလက္ခဏာရပ်များ (SOGIE) အရ ကွဲပြားသည့်သူများအားလုံး ကို လွှမ်းခြုံဖော်ပြသည့် အတိုကောက် စကားလုံးဖြစ်သည်။

## နောက်ဆက်တွဲ (ဆ) မူဘောင်၏ အခန်း (၇) တွင်ဖော်ပြထားသော အရင်း အမြစ်လျာထားချက်နှင့် သတ်မှတ်ချက်များဆိုင်ရာ ဥပမာရှင်းလင်းချက်များ

(က) လုပ်ငန်းအစီအစဉ်များ၊ ဦးစားပေးလုပ်ငန်းများ၊ အချိန်ဇယား၊ ဦးတည်ချက်နှင့် မျှော်မှန်းထားသည့်ရလဒ် စသည်တို့ကို စနစ်တကျရေးဆွဲချမှတ်ထားခြင်း၊ ပြည်နယ်တစ်ခုလုံးအတွင်းရှိ အစိုးရယန္တရားများအားလုံးတွင် ဂျန်ဒါတန်းတူရေးကို တိုးမြှင့် လုပ်ဆောင်နိုင်မည့် မဟာဗျူဟာ (strategy to promote gender equality) များ ထားရှိခြင်း၊

(ခ) ဂျန်ဒါစုံပါဝင်မှုနှင့် ဂျန်ဒါတန်းတူရေးဆိုင်ရာကိစ္စရပ်များအတွက် သက်ဆိုင်ရာအစိုးရနှင့် အစိုးရနှင့်မဆိုင်သော သက်ဆိုင်ရာလွတ်လပ်သည့်အဖွဲ့အစည်းများအားလုံးကို စနစ်တကျ ချိတ်ဆက်ခြင်းနှင့်

(ဂ) ဂျန်ဒါတန်းတူရေးကို တိုးမြှင့်နိုင်ရေးအတွက်တစ်ဖက်တွင် **ဂျန်ဒါအစဉ်တစိုက်အလေးထားမှု** (mainstreaming) နှင့် အခြားတစ်ဖက်တွင် ဂျန်ဒါတန်းတူရေးအတွက် သတ်သတ်မှတ်မှတ် ရည်ရွယ်လုပ်ဆောင်ခြင်းတို့ကို တစ်ပြိုင်နက် လုပ်ဆောင်နိုင်ရန် လိုအပ်သည်။